မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ်(၁၈၄)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ပန်ဂီရန် ဒါတို ပါဒူကာ ဟာဂျီ အဗ္ဗဒူ ဟာမစ်ဘင် ပန်ဂီရန် ဟာဂျီမိုဟာမက် ယာဆင်သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၄င်း၏သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဆွီဒင်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာလဲနတ်လင်နာသည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၄င်း၏သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီး မစ္စတာ လဲနတ်လင်နာအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၂ ရက်)

ခိုင်မာသော စီးပွားရေးအခြေခံကောင်းများဖြစ်ထွန်းရန် ကြိုးပမ်း နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်း

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို နေပြည်တော်မြို့တော်ခန်းမ၌ မတ်၃၁ရက်နေ့ကကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်စေရေး ကြိုးပမ်းလျက်ရှိရာ၌ အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာရေးကို အဓိကရည်မှန်းချက်ထားရှိပြီး စီးပွားရေးဦးတည်ချက်များ ချမှတ်ကာ ကြိုးပမ်းဖြည့်ဆည်းပေးလျက်ရှိသည်။

ယနေ့ နိုင်ငံတကာ စီးပွားရေးအခြေအနေကိုကြည့်ပါလျှင် ပြိုင်ဆိုင်မှုများ ပိုမိုအားကောင်းလာသည့်အတွက် ယှဉ်ပြိုင်မှုများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်စေရန် နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်း အချင်းချင်းအနေဖြင့်သော်လည်းကောင်း တည်ငြိမ်သည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ခိုင်မြဲရန် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအတွင်း တိုင်းရင်းသားလုပ်ငန်းရှင်များအားလုံး လက်တွဲပါဝင်သွားကြရမည် ဖြစ်သည်။

ထုတ်လုပ်မှုကဏ္ဍတွင် လယ်ယာ၊ သားငါး၊ စက်မှုလက်မှုကဏ္ဍတို့၌ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး ဝန်ဆောင်မှုကဏ္ဍ၌ အဓိကအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင်လည်း တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံ၏ အချက်အချာဒေသများတွင် စက်မှုဇုန်များထူထောင်ပေးသကဲ့သို့ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကိုလည်း ပုဂ္ဂလိက ကဏ္ဍကို လွှဲပြောင်းလုပ်ကိုင်ခွင့်ပေး၍ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ဒေသတွင်းနှင့် နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်သည့် ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ပြီး ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို မြှင့်တင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်၏စီးပွား တိုးတက်မြင့်မားရန်အတွက် အမျိုးသားရေး အကျိုးစီးပွားကို လက်ကိုင်ပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဝင်များက နိုင်ငံတော်၏အဖွဲ့အစည်းကြီးတစ်ခုအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်ရန် ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲဝင်လိုသောအသင်းများ စာရင်းပေးနိုင်

ရန်ကုန် ဧပြီ ၁

မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် မဟာသင်္ကြန်ပွဲတော် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

စုံစမ်းနိုင်

ယိမ်းအကပြိုင်ပွဲများကို မူလတန်းကြိုကျောင်း ၁၂ဦးယိမ်း၊ ရုံးဌာန၊ ကျောင်းနှင့် အခြားအဖွဲ့အစည်းများ ၁၂ဦးယိမ်း၊ ၁၆ဦးယိမ်းပြိုင်ပွဲများဟူ၍ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသော အသင်းများသည် ဧပြီ ၇ရက် နောက်ဆုံးထား၍ ကျောက်တံတားမြို့နယ် မြို့တော်ဘဏ် ပထမထပ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စစ်ဆေးရေးဌာန ရုံးခန်းသို့ လာရောက်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း - ၃၇၉၆၉၃၊ ၃၇၄၈၂၂ နှင့် ၃၇၈၀၀၃တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကောင်းမြို့၌ ကလေးဂေဟာဖွင့်

မိုးကောင်း ဧပြီ ၁

မိုးကောင်းမြို့နယ် ရေရှင်ကျေးရွာအုပ်စု လေးမိုင်ကျေးရွာ ပန်းပျိုးလက် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဂေဟာ ဖွင့်ပွဲကို မတ်၁၂ရက် နံနက်၁၁နာရီခွဲက အဆိုပါဂေဟာရှေ့၌ ကျင်းပရာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် ဂေဟာကြီးကြပ်မှုကော်မတီနာယက ဦးထွန်းဖေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကုန်ကျ

အဆိုပါဂေဟာသည် အလျား၃၆ပေ၊ အနံ ၁၈ပေရှိ သွပ်မိုး ပျဉ်ခင်း ထရံကာ တစ်ထပ်အဆောက်အအုံဖြစ်ပြီး စေတနာရှင်များ စုပေါင်းထည့်ဝင် လှူဒါန်းငွေ ကျပ် ၂၁သိန်းဖြင့် အကုန်အကျခံကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၀၀၁)

မြဝတီရုပ်မြင်သံကြား

၂-၄-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅း၀၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆း၄၀ ၁၃။ ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့ အတွေး** (အပိုင်း-၈)
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၃၅)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ အနုပညာရှင်၏ တစ်နေ့တာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမှန်တရားရဲ့ဘက်တော်သား** (အပိုင်း-၈)

ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကန့်ဘလူမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၁

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် မတ် ၂၉ရက်က ကန့်ဘလူမြို့နယ် ကာဘိုးစံပြကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ အားကစားပစ္စည်းများ၊ စာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ဘိုတဲကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ (**အပေါ်ပုံ**)အားကစားပစ္စည်းများ၊ စာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်သည်။

တွေ့ဆုံမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် ထန်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံမှာကြား၍ အားကစားပစ္စည်းများ၊ စာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်သည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးသည် ယင်းသာ၊ ဘုတ္တော၊ ဆားကုန်းနှင့် စန္ဒယားကျေးရွာများသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အခြေခံပညာကျောင်းများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆောက်လုပ်ပြီးစီးမှု

ယင်းနောက် ဝန်ကြီးသည် ကန့်ဘလူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဆေးရုံသစ် တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တုရင်ပြိုင်ပွဲယှဉ်ပြိုင်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၁

ဧပြီ ၁ရက်မှ ၆ရက်အထိ ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ကျင်းပမည့် (၉)ကြိမ်မြောက် ဘီစီစီအိုးပင်းစစ်တုရင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာစစ်တုရင်အားကစားအဖွဲ့သည် မတ်၃၁ရက် နံနက်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တာဝန်ရှိသူများက လိုက်လံပို့ဆောင်ကြသည်။ မြန်မာစစ်တုရင်အားကစားအဖွဲ့တွင် အုပ်ချုပ်သူ နည်းပြ ဦးမောင်မောင်လတ် (မြန်မာနိုင်ငံရဲတပ်ဖွဲ့)နှင့် အားကစားသမား ဝင်းထွန်း (မြန်မာနိုင်ငံရဲတပ်ဖွဲ့)တို့ ပါဝင်ကြသည်။

(စစ်တုရင်အဖွဲ့ချုပ်)

မြန်မာနိုင်ငံဓာတ်ပုံအသင်း နှစ်ပတ်လည်နေ့ ကျင်းပ ဆုရရှိသူများအား ဆုများဂုဏ်ပြုချီးမြှင့်

ရန်ကုန် ဧပြီ ၁

ရန်ကုန်မြို့ ၃၅ လမ်းရှိ မြန်မာနိုင်ငံဓာတ်ပုံအသင်းကြီး၏ (၄၅)ကြိမ်မြောက် ဓာတ်ပုံပြပွဲပြိုင်ပွဲကြီးကို ကျင်းပပေးခဲ့ပြီး ကဏ္ဍအသီးသီးတွင် ဆုရရှိကြသော ဓာတ်ပုံပညာရှင်များအား ရန်ကုန်မြို့တော်ဝန်နှင့် ဓာတ်ပုံပစ္စည်းများ ရောင်းချသော ဆိုင်များ၊ အကျိုးတော်ဆောင်များက အလှူငွေကျပ် သိန်း ၃၀ခန့် ဂုဏ်ပြုချီးမြှင့်ကြောင်း သိရသည်။ (**အပေါ်ပုံ**)

ဆွတ်ခူး

ယခုနှစ် ကဏ္ဍအသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော ဓာတ်ပုံပညာရှင်များအနက် ကိုညွန့်နိုင်(ဘော်တွင်း)က တံခွန်စိုက်ဆုကြီး ဆွတ်ခူးခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံအသင်း)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံအမတ်ကြီး ပန်ဂီရန် ဒါတို ပါဒူကာ ဟာဂျီ အဗ္ဗဒူ ဟာမစ်ဘင် ပန်ဂီရန် ဟာဂျီမိုဟာမက် ယာဆင်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မေ ၁ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ လဲနတ်လင်နာ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်း - ရှေ့ဖုံး) (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၄-၂၀၀၉ (ကြာသပတေးနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	**ထွက်မြောက်ခြင်းတရားတော်** ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (ထူးကြီး ဆရာတော်)
၇:၅၅ - ၁:၅၅	အဝိဇ္ဇာန်ပြုကာဆုချွေမည် ဦးရာဇ်တော်စေတီ
၈:၂၀ - ၂:၂၀	အနုပညာ မိုးကောင်းကင်
၈:၄၅ - ၂:၄၅	ခါသကြံန်အဆိုအက
၈:၅၀ - ၂:၅၀	အင်းအလှနဲ့ သစ်ခွသဘင် (အပိုင်း-၂)
၉:၁၅ - ၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅ - ၃:၂၅	ခံ့ထည်လှပ အစဉ် ကြေးဖောင်းကြွအသွင်
၉:၅၀ - ၃:၅၀	တို့ကမ္ဘာမြေ သာယာဖို့ ကြွပ်ကြွပ်အိတ်ကို ငြင်းပယ်စို့
၁၀:၀၅ - ၄:၀၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၀:၁၅ - ၄:၁၅	မဟူရာပွင့်ရဲ့ Landscaping
၁၀:၂၅ - ၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀ - ၄:၃၀	Activities in the City (မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းဖွင့်ပွဲ)
၁၀:၄၅ - ၄:၄၅	ခါသကြံန် အဆိုအက
၁၀:၅၀ - ၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀ - ၅:၀၀	Music Gallery (သမ္ဘာရဂုဏ်ဟုပ်သားများ)
၁၁:၅၀ - ၅:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀ - ၆:၀၀	မေတ္တာကို အခြေပြုလို့ အလင်းလှူတဲ့ခရီးစဉ် (မလှိုင်မြို့နယ်)(အပိုင်း-၂)
၁၂:၂၀ - ၆:၂၀	ခါသကြံန်အဆိုအက
၁၂:၂၅ - ၆:၂၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ထွန်းထွန်းလင်းနှင့် တွေ့ဆုံခြင်း)
၁၂:၅၀ - ၆:၅၀	အဏုဇီဝ တွင်းထွက်ရတနာ
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဆကာကြီးအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးကျင်းပ

ရန်ကုန် မေ ၁

ဆကာကြီးအသင်း (ရန်ကုန်)၏ (၃၈)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၉ရက် နံနက် ၈နာရီခွဲက ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်ဝင်းအတွင်းရှိ ဂန္ဓကုဋိတိုက်ခန်းမ၌ ကျင်းပရာ အခမ်းအနားမှူး ဦးတင်ဦး (စာရင်းစစ်)က အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာပြီးနောက် အသင်းဥက္ကဋ္ဌ ဦးအောင်ဆွေ(ဦးပါကြီး)က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်လုပ်ငန်းအစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးက လည်းကောင်း၊ အသင်းတစ်ရပ်လုံး၏ ငွေကြေးအခြေအနေနှင့် ရသုံးငွေစာရင်းများကို အတွင်းရေးမှူးဦးအေးကြူ (ဆကာကြီးအေးကြူ)ကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးကိုအတည်ပြုကြသည်။

ချီးမြှင့်

ထို့နောက် အသက်(၈၀)နှင့် အထက် ဘိုးဘွား ၈၀တို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ပူဇော်ကန်တော့ကြပြီး တက္ကသိုလ်မှ ချီးမြှင့်သော ပါရဂူဘွဲ့ရ ပုဂ္ဂိုလ်နှစ်ဦးနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရ ကျောင်းသူကျောင်းသား ၁၄ဦးအား ပညာရည်ချွန်ဆု ဂုဏ်ပြုချီးမြှင့်ပေးအပ်သည်။

ဆုံးဖြတ်

အစည်းအဝေးမှ အသင်းပိုင် ကိုယ်ပိုင်ရုံးခန်းဝယ်ယူရေး ကြိုးပမ်းသွားရန်နှင့် အသင်းဝင်တစ်ဦး ကွယ်လွန်ပါက ငွေကျပ် ၁၀၀၀၀ ကူညီထောက်ပံ့သွားရန် ဆုံးဖြတ်ကြသည်။ **(မြန်မာ့အလင်း)**

စက်မှုတက္ကသိုလ် မြို့ပြကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၁

၁၉၈၇ ခုနှစ်နှင့် ၁၉၉၁ ခုနှစ် စက်မှုတက္ကသိုလ်(မြို့ပြ) ကျောင်းဆင်း ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မေ ၄ ရက် နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M-3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပူဇော်ပွဲအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ထည့်ဝင်လိုသူများသည် ကိုသန်းဝင်း ဖုန်း-၀၉-၅၀-၁၇၄၂၅၊ ကိုကိုထွေး ဖုန်း-၀၉-၅၁-၇၉၁၁၀၊ ကိုကိုအေး ဖုန်း-၀၉-၅၁-၁၉၀၇၀၊ ဒေါက်တာညဏ်မြင့်ကျော် ဖုန်း-၀၉-၅၀-၃၃၅၈၊ ကိုဌေးဝင်း ဖုန်း-၀၉-၅၀-၄၇၃၆၀၊ကိုစန်းကြူ ဖုန်း-၀၉-၅၀-၅၂၂၀၀၊ ကိုအောင်ကျော်လွင် ဖုန်း-၀၉-၂၀-၄၄၂၀၄၊ ကိုခင်ဇော်ဝင်း ဖုန်း-၀၉-၂၀-၀၂၃၈၃၊ မချိုချိုသင်းကြည် ဖုန်း-၆၄၄၉၈၇နှင့် မရီရီခင် ဖုန်း-၀၉-၅၀-၀၃၂၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည့် အပြင် နီးစပ်ရာ စာသင်နှစ်အလိုက် ဆရာ ဆရာမများကို လှူဒါန်းလိုသည့် ကျောင်းသားကျောင်းသူဟောင်းများလည်း ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ၈ လမ်းနေ ဦးမောင်လှနှင့်ဇနီး ဒေါ်မြတို့က ၎င်းတို့ပိုင်ဆိုင်သော ၈လမ်းမှတိုက်ခန်းနှစ်ခန်းနှင့် ၇လမ်းမှ ဆောက်လုပ်ဆဲတိုက်ခန်း တစ်ခန်း ပေါင်းသုံးခန်းကို မတ် ၁၉ ရက်က စာချုပ်စာတမ်းများနှင့်တကွ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ သွားရောက်လှူဒါန်းရာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်က လက်ခံယူစဉ်။ (ဘိုးဘွားရိပ်သာ)

(၅)ကြိမ်မြောက် ကျန်ကျင်းအပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြပွဲ ပြိုင်ပွဲဝင်ရန် ဖိတ်ခေါ်ထား

ရန်ကုန် မေ ၁

တရုတ်နိုင်ငံ ကျန်ကျင်းမြို့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြပွဲ ပြိုင်ပွဲ အသက်(၁၈)နှစ်အောက် (အခြေခံပညာ ကျောင်းသားကျောင်းသူအပါအဝင်)မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

ဆက်သွယ်စုံစမ်းနိုင်

ရွေးချယ်ခံရသောပုံများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာ ခေါင်းဆောင်များသို့ ပေးပို့မည့် အယ်လ်ဘမ်တွင် ထည့်သွင်းဖော်ပြပေးမည်ဖြစ်သည်။ ဆုရသူအချို့ကို ကျန်ကျင်းအနုပညာပွဲတော်သို့ ဖိတ်ခေါ်တက်ရောက်ခွင့်ပြုမည်ဖြစ်၍ သတ်မှတ်ချက်များနှင့်အတူ ပြိုင်ပွဲဝင်ပန်းချီပုံများကို မေ ၂၄ ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ပန်းချီပန်းပုပြခန်းသို့ ရုံးချိန်အတွင်း ပေးပို့ရန်ဖြစ်သည်။ အသေးစိတ် သိလိုပါက ဖုန်း-၀၉-၅၀-၄၃၀၈၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(ရိုးရာပန်းပညာရှင်များအစည်းအရုံး)**



မိုနာကိုနိုင်ငံ မိုနာကိုမြို့တွင် ကျင်းပသည့် ကုန်စည်ပြပွဲ၌ ပြင်သစ်ကားထုတ်လုပ်ရေးကုမ္ပဏီမှ ထုတ်လုပ်သည့် လျှပ်စစ်ကားကို မတ် ၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကုန်သွယ်ရေးပိတ်ပင်မှုရုပ်သိမ်းရန်ငြင်းဆိုမှု ကန်ဒုတိယသမ္မတအား ဖီဒယ်ကတ်စထရိုဝေဖန်

ဟာဗားနား ဧပြီ ၁

ကျူးဘားနိုင်ငံအပေါ် အမေရိကန်ကုန်သွယ်ရေးပိတ်ပင်မှုကို ရုပ်သိမ်းရန် ငြင်းဆိုသည့် အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်အား ကျူးဘားခေါင်းဆောင်ဟောင်း ဖီဒယ်ကတ်စထရိုက မတ် ၃၀ ရက်တွင် ဝေဖန်ရေးသားလိုက်သည်။

ကျူးဘားနိုင်ငံအား ကုန်သွယ်ရေးပိတ်ပင်ထားမှုကို ရုပ်သိမ်းပေးရန် အမေရိကန်နိုင်ငံအနေဖြင့် အစီအစဉ်မရှိသေးကြောင်း အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်က ချီလီ၌ ကျင်းပသည့် နိုင်ငံရေးထိပ်သီးအစည်းအဝေးတွင် မတ် ၂၉ရက်က ပြောကြားလိုက်သည်။

ဝေဖန်ရေးသား

ယင်းကိုအကြောင်းပြု၍ ကျူးဘားခေါင်းဆောင်ဟောင်း ဖီဒယ်ကတ်စထရိုအနေဖြင့် အမေရိကန်ဒုတိယသမ္မတဘိုင်ဒင်အား ဂရန်မာနေ့စဉ် သတင်းစာတွင် ဝေဖန်ရေးသားခြင်းဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။ **(အင်တာနက်)**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တော်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အထောက်အကူပြုအစီအစဉ်အဖြစ် ထုတ်လုပ်ထားသည့် ပုံစံသစ် အငှားယာဉ် တစ်စီးအား မတ် ၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆောက်လုပ်ရေးလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာရန် ဘရာဇီးသမ္မတ မျှော်လင့်

ရီယိုဒီဂျနေးရိုး ဧပြီ ၁

ကမ္ဘာ့စီးပွားရေးဆိုင်ရာ ပြဿနာများကြုံတွေ့နေချိန်တွင် ဘရာဇီးအစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ ဆောက်လုပ်ရေးကဏ္ဍများမှနေ၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန် မျှော်လင့်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက မတ် ၃၁ ရက်၌ ပြောကြားသည်။

ထုတ်ပြန်ကြေညာ

၂၀၀၉ခုနှစ် ဖေဖော်ဝါရီလတွင် ဘရာဇီးနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ၈ဒသမရှစ်ရာခိုင်နှုန်းသို့ပင် ရောက်ရှိလာပြီဖြစ်ကြောင်း၊ ယင်းမှာ အလုပ်လက်မဲ့ဦးရေ ၁ဒသမ ၉သန်းကို ရည်ညွှန်းထားကြောင်း မတ် ၂၈ ရက်က ဘရာဇီးပထဝီဝင်နှင့် စာရင်းအင်းဆိုင်ရာတက္ကသိုလ်က ထုတ်ပြန်ကြေညာသည်။

အထောက်အပံ့ဖြစ်

အိမ်ရာစီမံကိန်းများကို ယခုအချိန်မှစတင်ကာ ဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွင်း အိမ်ရာဆောက်လုပ်ရေးမှ လိုငွေပြမှု၏ ၁၄ရာခိုင်နှုန်းကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ စီးပွားရေးဆိုင်ရာပြဿနာများ လျော့နည်းစေရန် အထောက်အပံ့လည်းဖြစ်နိုင်ကြောင်း ဆေးလ်ဗားက ပြောကြားသည်။

ခွင့်ပြုခဲ့

လာမည့် နှစ်နှစ်အတွင်း ဆင်းရဲသား လူတန်းစားများနေထိုင်ရန် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံတန်းဖိုးရှိ နေအိမ်တစ်သန်း တည်ဆောက်ရန်လည်း ပြီးခဲ့သည့်သီတင်းပတ်က ဘရာဇီးသမ္မတအနေဖြင့် ခွင့်ပြုခဲ့ကြောင်းလည်း သိရသည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဂျပန်ရိုးရာကစားနည်းတစ်ခု၌ ပါဝင်ကစားနေသည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်တစ်ဦးအား မတ်၂၉ရက်က တွေ့ရစဉ်။

(ဂျပန်နိုင်ငံ၌ ခရီးသွားများအား ပိုမိုဆွဲဆောင်မှုရှိစေရန် ဂျပန်ရိုးရာကစားနည်းများ၊ ရိုးရာ အစားအစာများ၊ ရိုးရာယဉ်ကျေးမှု ဖျော်ဖြေပွဲများ ကျင်းပခဲ့ရာ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လျက်ရှိသည်။) **(အင်တာနက်ဓာတ်ပုံ)**

အီရတ်၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၄၂၆၂ဦး ရှိပြီဖြစ်

ဝါရှင်တန် ဧပြီ ၁

၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်ကို ကျူးကျော်သည်မှ ၂၀၀၉ခုနှစ် မတ် ၃၀ရက်အထိ ကာလအတွင်း အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၄၂၆၂ဦး ရှိပြီဖြစ်သည်။

ထိုကာလအတွင်း အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၇၉ဦး၊ အီတလီတပ်ဖွဲ့ဝင် ၃၃ဦး၊ ယူကရိန်းတပ်ဖွဲ့ဝင် ၁၈ဦး၊ ပိုလန်တပ်ဖွဲ့ဝင် ၂၂ဦး၊ ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ၁၃ဦး၊ စပိန်တပ်ဖွဲ့ဝင် ၁၁ဦး၊ ဒိန်းမတ်တပ်ဖွဲ့ဝင် ခုနစ်ဦး၊ အယ်ဆာဗေဒိုတပ်ဖွဲ့ဝင် ငါးဦး၊ ဆလိုဗက်ကီးယားတပ်ဖွဲ့ဝင် လေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာတပ်ဖွဲ့ဝင်သုံးဦးစီ၊ အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယားတပ်ဖွဲ့ဝင် နှစ်ဦးစီ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင် တစ်ဦးစီ သေဆုံးခဲ့ပြီဖြစ်သည်။ (အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ လူစည်ကားရာဈေးအတွင်း၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၃၀ရက်က တွေ့ရစဉ်။ **(အင်တာနက်ဓာတ်ပုံ)**

အီရန်နှင့်အမေရိကန်အရာရှိများ မော်စကို၌ တွေ့ဆုံခဲ့ခြင်းမရှိ

တီဟီရန် ဧပြီ ၁

ရုရှားနိုင်ငံ မော်စကို၌ အီရန်အရာရှိများနှင့် အမေရိကန်အရာရှိများ တွေ့ဆုံဆွေးနွေးသည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက မတ်၃၀ရက်တွင် ငြင်းဆိုလိုက်သည်ဟု အီရန်နိုင်ငံ အိုင်အာရ်အင်န်အေ သတင်းဌာနက ကြေညာသည်။

အဓိပ္ပာယ်မရှိ

မော်စကို၌ ကျင်းပသည့် အာဖဂန်နစ္စတန်ဆိုင်ရာညီလာခံသို့ အီရန်ကိုယ်စားလှယ်တက်ရောက်ကြောင်း၊ သို့သော် အမေရိကန်ကိုယ်စားလှယ်များနှင့်တွေ့ဆုံရန်တာဝန်မပေး၊ ကိုယ်စားလှယ်ချင်း တွေ့ဆုံဆွေးနွေးမှုလည်းမရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာလိုက်သည်။ ထို့ပြင် နှစ်နိုင်ငံကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးသည်ဆိုခြင်းမှာ အဓိပ္ပာယ်မရှိဟု ဆိုသည်။ **(အင်တာနက်)**

မိုဆူးလ်၌ အသေခံကားဗုံးခွဲ ခုနစ်ဦးသေဆုံး ၁၇ဦး ဒဏ်ရာရ

မိုဆူးလ် ဧပြီ ၁

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် မတ် ၂၆ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ခုနစ်ဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

အသေခံဗုံးခွဲတိုက်ခိုက်သူမှာ မိုဆူးလ်မြို့လယ်ရှိ ရဲစခန်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားသုံးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပိုမိုပြုလုပ်

အမေရိကန်တပ်များ ၂၀၁၁ခုနှစ်ကုန်၌ ဆုတ်ခွာမည်ဟု ကြေညာချက်ထွက်ပေါ်လာပြီးနောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် အုပ်စုငယ်များ ပြန်ဖွဲ့ကာ တိုက်ခိုက်မှုများ ပိုမိုပြုလုပ်လာခဲ့ကြသည်။ **(အင်တာနက်)**

အမေရိကန်၌ မီးသတ်ကားနှစ်စီး တိုက်မှုဖြစ်ပွား ၁၀ဦး ဒဏ်ရာရရှိ

ဟူစတန် ဧပြီ ၁

တက္ကဆက်ပြည်နယ် ဟူစတန်မြို့တွင် မတ် ၃၀ရက်က မီးသတ်ယာဉ်နှစ်စီး တိုက်မိခဲ့ပြီးနောက် မီးသတ်သမားရှစ်ဦး အပါအဝင် ၁၀ဦး ဒဏ်ရာရရှိကြောင်း မီဒီယာသတင်းအရ သိရှိရသည်။

တိုက်မိ

မီးငြိမ်းသတ်ရန် မောင်းနှင်လာသည့် မီးသတ်ယာဉ်များ ယင်းနေ့ နံနက် ၁၁ နာရီခန့်တွင် ယင်းသို့တိုက်မိခြင်းဖြစ်သည်ဟု ဟူစတန်ခရော်နစ်ကယ် သတင်းစာက ရေးသားသည်။

မျက်မြင်တွေ့ရှိသူ

မြောက်ဘက်ဒေသသို့ဦးတည် မောင်းနှင်လာသည့် မီးငြိမ်းသတ်သည့် မီးသတ်ယာဉ်က အရှေ့ဘက်သို့ ဦးတည်မောင်းနှင်လာသည့် လှေကားတင် မီးသတ်ယာဉ်နှင့် တိုက်မိရာ လှေကားတင် ယာဉ်သည် ကျွမ်းပြန်ကာ အခြားဆီဒင်ကားတစ်စီးကို ဝင်တိုက်မိသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပြောကြား

မီးသတ်သမားတစ်ဦး မီးသတ်ယာဉ်မှလွင့်စင်ပြီး ဒဏ်ရာရရှိခဲ့ကာ ဆီဒင်ယာဉ်မောင်းမှာလည်း ဒဏ်ရာအကြီးအကျယ်ရရှိသည်ဟု ခရိုင်ရဲတပ်ဖွဲ့မှအကြီးအကဲ ဒေါင်ဒီက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ(ဗိုလ်လုပွဲ)များ ဧပြီ ၄ရက်နှင့် ၅ရက်တွင် ကျင်းပမည်

ပထမနေ့တွင် စောဂပရေမှူးနှင့်ယှဉ်ပြိုင်မည့် တွေ့မရှောင်က ပြိုင်ဘက်မှန်သမျှကို အလဲထိုးရန်သာ အာသီသရှိကြောင်းပြောကြား

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - ဇင်လင်းထွန်း(နေပြည်) ❖ စာမျက်နှာဖွဲ့စည်းမှု - ညဏ်ဟိန်းစိုး

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ DAGON Brewery Co.,Ltd. ၏ အဓိကကူညီပံ့ပိုးမှု၊ Myanmar Media Group ၏ Idea နှင့် Media ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများဖြင့် H&S Group မှ ဦးစိုင်းဇော်ဇော်(ဇော်ပစ်တိုင်းထောင် ဗီဒီယို) တာဝန်ယူစီစဉ်သည့် "ဒဂုံရွှေအောင်လံမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး အောင်လံလုပွဲအဆင့် (ဗိုလ်လုပွဲ)" ကို ဧပြီ ၄ရက်(စနေနေ့)နှင့် ၅ရက်(တနင်္ဂနွေနေ့) တို့တွင် ညနေ ၃နာရီအချိန်မှ စတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပမည်ဖြစ်သည်။

တက်ရောက်ကြ

လာမည့်ပြိုင်ပွဲသည် ဖေဖော်ဝါရီ ၂၈ရက်နှင့် မတ် ၁ရက်က ကျင်းပခဲ့သော ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး၊ အကြိုဗိုလ်လုပွဲအဆင့် ပြိုင်ပွဲများ၏ အဆက်ဖြစ်သည်။ ထိုပြိုင်ပွဲ

ပြိုင်ဘက်မှန်သမျှ အလဲထိုးမည်ဆိုသော တွေ့မရှောင်။

ကြီးကို ပထမတန်းဒဂုံရွှေအောင်လံနှင့် အလွတ်တန်း ဒဂုံရွှေအောင်လံဟု အောင်လံပွဲစဉ်နှစ်ရက်ဖြင့် ကျင်းပခဲ့ရာ ယခုအောင်လံလုပွဲအဆင့်(ဗိုလ်လုပွဲ)သို့ ပထမတန်း ဒဂုံရွှေအောင်လံအကြိုဗိုလ်လုမှ တွေ့မရှောင် (KLN)နှင့် စောဂပရေမှူး(တွံတေး) တို့ တက်ရောက်လာကြပြီး အလွတ်တန်းမှ စောငမန်း (Ever Green)နှင့် ရန်ကြီးအောင်(မြို့တော်စည်ပင်)တို့ တက်ရောက်လာကြသည်။

အောင်လံလုပွဲအဆင့်ပြိုင်ပွဲ ပထမနေ့ ဧပြီ ၄ရက်တွင် တွေ့မရှောင်နှင့် စောဂပရေမှူးတို့ ပထမတန်းဒဂုံရွှေအောင်လံကို သူရ ကိုယ်ရလုကြသည့်အခါ အနိုင်ရသူက အောင်လံနှင့်အတူ ဆုကြေးကျပ် ၂၅သိန်းရရှိမည်ဖြစ်ပြီး ရှုံးနိမ့်သူက ကျပ် ၁၈သိန်းရရှိမည်ဖြစ်သည်။ တွေ့မရှောင်က အကြိုဗိုလ်လုပွဲတွင် ဝင်းထွန်း(လယ်/ဆည်)ကို တတိယအချီ ၁မိနစ် ၂၄စက္ကန့်၌ အလဲထိုးအနိုင်ယူခဲ့ပြီး စောဂပရေမှူးက ထွန်းထွန်း(အဖြူရောင်သွေးသစ်)ကို တတိယအချီ ၂မိနစ် ၃၃စက္ကန့်၌ အလဲထိုးလာခဲ့သည်။ ၎င်းတို့နှစ်ဦးသည် ယခင်က ကြိုးဝိုင်းထဲတွင် တစ်ကြိမ်မျှ မဆုံတွေ့ခဲ့ဖူးကြပေ။

စောဂပရေမှူးသည် အသက် ၂၂နှစ်သာ ရှိသေးသော်လည်း အရပ် ၅ပေ ၁၀လက်မ ရှိပြီး ကိုယ်အလေးချိန် ၇၂ ကီလိုခန့်ရှိသည်။ တွေ့မရှောင်က အသက် ၂၆နှစ်ခန့်ရှိပြီး အရပ် ၅ပေ ၄လက်မနှင့် ကိုယ်အလေးချိန် ၆၄ ကီလိုခန့်သာရှိသည်။ သို့ဖြစ်၍ ဝိတ်တန်းအရဆိုလျှင် တွေ့မရှောင်က လိုက်ဝယ်လ်တာဝိတ်သာရှိပြီး စောဂပရေမှူးက မစ်ဒယ်ဝိတ်ရှိနေပေရာ ဝိတ်တန်းနှစ်တန်းခြားကွာနေသည့်အတွက် ဝိတ်တန်းမမျှဟုဆိုရမည်ဖြစ်သည်။

သို့ရာတွင် လက်ရှိရိုးရာလက်ဝှေ့လောကတွင်း ရပ်တည်မှုအနေအထားတွင်မူ တွေ့မရှောင်က များစွာသာလွန်နေပြန်သည်။ နာမည်ကျော်ကြားလူကြိုက်များမှုအရဖြစ်စေ၊ ထိုးသတ်ကြေးတောင်းဆိုနိုင်မှုအရဖြစ်စေ တွေ့မရှောင်က အရှည်ကြီးဟုခေါ်ကြသော စောဂပရေမှူးထက် ခေါင်းတစ်လုံးမက မြင့်နေသည်။ စောဂပရေမှူးသည် ပြည်နယ်/တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ရွှေတံဆိပ်ကို ၂၀၀၆ ခုနှစ်တွင် ရရှိခဲ့သော်လည်း တွေ့မရှောင်က ၎င်းတံဆိပ်ကို ၂၀၀၃ခုနှစ်ကတည်းက ရရှိခဲ့သည့်ပြင် ၂၀၀၇ခုနှစ်တွင် လိုက်ဝယ်လ်တာဝိတ်တန်း

အရပ်ရှည်သလောက် လက်သီးတွဲလုံး မြန်ဆန်စူးနစ်သည့် စောဂပရေမှူး။

ရွှေခါးပတ် ချန်ပီယံဖြစ်ခဲ့သည်။ စောဂပရေမှူးက ၎င်းပြိုင်ပွဲသို့ လိုက်မစ်ဒယ်ဝိတ်တန်း၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အကြိုဗိုလ်လုပွဲတွင် ဘိလပ်မြေစတားကို လက်ရည်မမျှ၊ ဒိုင်ပွဲရပ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ထိုပြိုင်ပွဲတွင် တွေ့မရှောင်နှင့် စောဂပရေမှူးတို့နှစ်ဦးစလုံး KLN ရိုးရာ လက်ဝှေ့အဖွဲ့ကို ကိုယ်စားပြုဝင်ရောက် ယှဉ်ပြိုင်ခဲ့ခြင်းကြောင့် ယခုတွေ့ဆုံရမည့် ပထမတန်း ဒဂုံရွှေအောင်လံ ဗိုလ်လုပွဲစဉ်နှင့် ပတ်သက်၍ ပရိသတ်အချို့က ဘဝင်မကျရှိနေကြသည်။

မျက်နှာချင်းဆိုင်

အမှန်အားဖြင့် စောဂပရေမှူးသည် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ မတိုင်မီကပင် KLN ရိုးရာလက်ဝှေ့အဖွဲ့မှ ဖယ်ခွာ၍ ဆရာ ဦးဝင်းဇင်ဦးထံသို့ရောက်ရှိကာ ယခုအချိန်အထိလုံးချောနှင့်အတူ ကမ္ဘာအေး၌ တွဲဖက်လေ့ကျင့်နေခဲ့သည်။ တွေ့မရှောင်ကို KLN အဖွဲ့ နည်းပြဆရာ ကဘော်မြေကျော်စိုးက သုဝဏ္ဏတွင် လေ့ကျင့်ပေးနေသဖြင့် ၎င်းတို့နှစ်ဦးသည် ဗိုလ်လုပွဲစင်မြင့်သို့ လေ့ကားတစ်ဖက်တည်းမှ တက်ရောက်လာကြခြင်းမဟုတ်ဘဲ အရှိန်ပြင်းပြင်းဖြင့် မျက်နှာချင်းဆိုင် မောင်းလာသော ကားနှစ်စီးကဲ့သို့ဖြစ်နေသည်။

အကြိုဗိုလ်လုပွဲအပြီးတွင် စောဂပရေမှူးက အခြားမည်သည့်ပွဲမျှ ထိုးသတ်ခြင်းမရှိဘဲ ဗိုလ်လုပွဲအတွက်သာ လေ့ကျင့်နေခဲ့သော်လည်း တွေ့မရှောင်က ရန်ကြီးအောင်ကို မွန်ပြည်နယ် လမိုင်းမြို့၌ ပဉ္စမအချီတွင် လည်းကောင်း၊ ထားဝယ်ခရိုင် လောင်းလုံမြို့နယ် နခံတောရွာ၌ စတုတ္ထအချီတွင် လည်းကောင်း နှစ်ပွဲဆက် အလဲထိုးခဲ့ပြီး ပြီးခဲ့သော မတ် ၂၄ရက်ကလည်း မြိတ်မြို့၌ ထွန်းထွန်းကို စတုတ္ထအချီအစပိုင်းတွင်ပင် အလဲထိုးခဲ့ပြန်သည်။ ပထမတန်း ဒဂုံရွှေအောင်လံ ဗိုလ်လုပွဲနှင့် ပတ်သက်၍ တွေ့မရှောင်က "ကျွန်တော်ကတော့ အမှန်အကန်ထိုးမှာပဲ။ ရိုးရာလက်ဝှေ့မှာ ကြိုးဝိုင်းထဲရောက်ရင် ညီအစ်ကိုဆိုတာတောင် မရှိတော့ဘူး။ မထိုးဘူးဆိုရင်

တိုက်ဂါးရိုးရာလက်ဝှေ့အဖွဲ့နည်းပြချုပ် ဇာနည်ဆင်ရိုင်း။

အစကတည်းက ကြိုးဝိုင်းထဲမဝင်နဲ့၊ ဝင်လာပြီဆိုရင်တော့ ပြိုင်ဘက်ဟာ ပြိုင်ဘက်ပဲ။ ပြိုင်ဘက်ဆိုရင် ဘယ်ပြိုင်ဘက်မျိုးမဆို အလဲထိုးဖို့ပဲ ကျွန်တော်အာသီသရှိတယ်။ စောဂပရေမှူးက ကျွန်တော့်ထက် လူကောင်ကြီးတယ်၊ အရပ်မြင့်တယ်၊ လက်သီးတွဲလုံးမြန်ပြီး ပါဝါလည်းရှိတယ်။ ဒါပေမယ့် ချာန်ထူးလောက်လက်သီးမပြင်းဘူး၊ ဝင်းထွန်းလောက်မမြန်ဘူး၊ အသည်းနဲ့သတ္တိမှာလည်း အဲဒီနှစ်ယောက်ကိုမမီဘူး"ဟု ပြောကြားသည်။ တွေ့မရှောင်သည် ချာန်ထူးကို ဖေဖော်ဝါရီ ၁၀ရက်က သံဖြူဇရပ်မြို့နယ် မရှိခဏ စခန်းကြီးရွာမှာ ပဉ္စမအချီတွင် အလဲထိုးခဲ့သည်။ ဝင်းထွန်းနှင့် ဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲ အပါအဝင် ငါးကြိမ်ဆုံတွေ့ခဲ့ရာ တစ်ကြိမ် အကွဲထိုး၊ သုံးကြိမ်အလဲထိုး အနိုင်ယူခဲ့ဖူးသည်။

အထူးစိန်ခေါ်ပွဲ

ပထမနေ့ **(ဧပြီ၄ရက်)**တွင် ၎င်းတို့နှစ်ဦး၏ ပထမတန်း ဒဂုံရွှေအောင်လံ ဗိုလ်လုပွဲ အပါအဝင်

ဆင်ရိုင်းကို ချွန်းဖွင့်မည့် ဝမ်ချိုင်း။

ပွဲစဉ်ပေါင်း ကိုးပွဲစီစဉ်ထားရာ ဝါးရင်းတုတ်ဖိုးကေ (မန္တလေး)နှင့် ဒေါင်းညိုလေး(ဒေါင်းမြန်မာ)၊ နိုင်ထူးလွင်(တောင်ကလေး)နှင့် ဟိန်းညီညီ(မြို့တော်စည်ပင်)၊ ဒေါင်းသည်းခြေ(နှစ်ရှည်ဥယျာဉ်)နှင့် ရန်ဆက်နိုင်(တောင်ကလေး)၊ ဝမ်းတူး(ဒေါင်းမြန်မာ)နှင့် ပအိုဝ်းလေး(အလင်းရောင်)တို့၏ ငါးချီ စိန်ခေါ်ပွဲများပါဝင်ပြီး ပထမတန်းချန်ပီယံဟောင်း ဝမ်ချိုင်း (မြဝတီ)နှင့် ဇာနည်ဆင်ရိုင်း (တိုက်ဂါး) တို့၏ သုံးချီအထူးစိန်ခေါ်ပွဲလည်းပါဝင်သည်။

ဝမ်ချိုင်း

ဝမ်ချိုင်းသည် ယခုပွဲမတိုင်မီ ဖျာပုံမြို့တွင် ဂျာမနီပြန်စောသဲအောင် (တွံတေး၊ အုန်းပင်ချောင်း) နှင့် လည်းကောင်း၊ မြစ်ကြီးနားမြို့တွင် ရွှေခါးပတ်ချန်ပီယံဟောင်း ထိန်ချူန်း(မြစ်ကြီးနား)နှင့် လည်းကောင်း ငါးချီသရေပွဲများ ထိုးသတ်ခဲ့သည်။ ၎င်းနှင့် ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာလက်ဝှေ့

ကြိုးဝိုင်းသမ္ဘာရင့်နေသော ဒေါင်းညိုလေး။

ပြည်နယ်၊ တိုင်းရွေးနှင့် အကောင်းဆုံးလက်ဝှေ့သမားဆုရှင် ဇာနည်ဆင်ရိုင်းသည် အနောက်တိုင်းလက်ဝှေ့တွင်လည်း ပြည်နယ်အဆင့် ရွှေတံဆိပ်ရရှိခဲ့ဖူးပြီး လက်ရှိတိုက်ဂါးရိုးရာ လက်ဝှေ့အဖွဲ့၏ နည်းပြချုပ်ဖြစ်သည်။ ၎င်းတို့ နှစ်ဦးအနေဖြင့် သက်လုံကို ငဲ့ရန်မလိုဘဲ ရိုးရာလက်ဝှေ့ပညာသားကို အားပါးတရ ထုတ်ဖော် ပြသနိုင်ရန် သုံးချီပွဲသာစီစဉ်ပေးထားခြင်း ဖြစ်ကြောင်း သိရသည်။

စိန်ခေါ်ထိုးသတ်

ပြိုင်ဘက်ကို ဝါးရင်းတုတ်နှင့် ရိုက်လှဲသည့်အလား ပြင်းထန်သော နှားထိုး နှားလဲ၊ ဝါးထိုး ဝါးကွဲ လက်သီးပိုင်ရှင်ဖိုးကေ (မန္တလေး)သည် ယခုပွဲမတိုင်မီ ရက်ပိုင်းအလိုတွင်မှ ၁၈နှစ်ပြည့်မည်ဖြစ်သော်လည်း အရပ် ၅ပေ ၉လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၆၀ရှိသော နတ္ထားကြီးဖြစ်သည်။ ပွဲအရေအတွက် နည်းသေးသော်လည်း သူမလဲ ကိုယ်လဲ ဖွင့်ထိုးကာ အလဲထိုးနိုင်ပွဲများလာသဖြင့် အချိန်တိုအတွင်း ရိုးရာလက်ဝှေ့ ပရိသတ်အမှတ်ထင်ထင်ရှိလာပြီး ဝါးရင်းတုတ်ဖိုးကေဟု နာမည်ကျော်လာသူဖြစ်သည်။ ယခုပွဲတွင် ဖိုးကေ စိန်ခေါ်ထိုးသတ်မည့် ဒေါင်းညိုလေးသည် အလုံးအရပ်မှာ ဖိုးကေထက် ငယ်မည်ဖြစ်သော်လည်း တစ်ချိန်က နာမည်ကျော်ရိုးရာလက်ဝှေ့သမားကြီး ဦးဒေါင်းညို၏ ရင်သွေးဖြစ်သည့်အတွက် လက်ဝှေ့ကြိုးဝိုင်းအတွင်း၌ ကလေးပွဲများမှစ၍ ယခုအသက် ၂၇နှစ်တိုင် ကျင်လည်လာခဲ့သူ ဖြစ်ပေရာ ဝါစဉ်သမ္ဘာစဉ်အရ ဖိုးကေထက် များစွာမြင့်နေသည်။ သို့ဖြစ်၍ ဖိုးကေက ငယ်ဂုဏ်၊ သက်လုံနှင့် သတ္တိကို အရင်းတည်ကာ ဝါးရင်းတုတ်ရိုက်ချက် လက်သီးများအားကိုးဖြင့် ပွဲတိုးလာမည်ဖြစ်ပြီး ဒေါင်းညိုလေးက အရွှေ့အလျား၊ အရှောင်အတိမ်း၊ အပူးအခွာတို့ဖြင့် ကြိုးဝိုင်းသမ္ဘာကိုအခြေပြုလျက် သူ၏ လျှပ်တစ်ပြက် လက်သီးတွဲလုံး အတို အသွက်များကို အားကိုးယှဉ်ပြိုင်သွားမည့် သဘောရှိသည်။

ဆွဲဆောင်နိုင်မည်

တစ်ချိန်က နဂါးလေး(ထားဝယ်) အမည်ဖြင့် ကြိုးဝိုင်းတွင်ဝင်ရောက်လာခဲ့ပြီး တောင်ကလေး ရိုးရာလက်ဝှေ့အဖွဲ့ ရောက်သည့်အခါ ၂၀၀၈ခုနှစ် ဒီကေဘီအေဒေး အောင်လံဆုရှင် နိုင်ထူးလွင်ဖြစ်လာခဲ့သူနှင့် ဟိန်းညီညီ (မြို့တော်စည်ပင်)တို့ ယှဉ်မည့်ပွဲကလည်း ပရိသတ်ကိုဆွဲဆောင်နိုင်မည်ထင်သည်။

ဟိန်းညီညီသည်ယခုယှဉ်ပြိုင်မည့်သုဝဏ္ဏအားကစားပြိုင်ပွဲရုံတွင် ဇန်နဝါရီ ၃၁ရက်က ကျင်းပခဲ့သော Calsome Challenge Fight II ပွဲစဉ်များ၌ ရှမ်းသွေးလေး(ဒေါင်းမြန်မာ)နှင့်ယှဉ်ပြိုင်ခဲ့စဉ်က တစ်ဦးကိုတစ်ဦး အကဲစောင့်ချိန်များသည့်အတွက် ပရိသတ်များက မနှစ်သက်ကြသကဲ့သို့ ခုံဒိုင်ချုပ်ကလည်း စတုတ္ထအချီတွင် ပွဲရပ်ကာ နှစ်ဦးစလုံးကို ကြိုးဝိုင်းတွင်းမှ နှင်ထုတ်ခံထားရသည့် အကြွေးရှိထားသည်။ သို့ဖြစ်၍ ဟိန်းညီညီသည် သုဝဏ္ဏပြိုင်ပွဲရုံ ပရိသတ်ကို အကြွေးဆပ်သည့်အနေဖြင့် ပညာရှိသလောက်၊ အစွမ်းရှိသလောက် အိတ်သွန်ဖာမှောက် တိုက်ပွဲဝင်ရမည့် သဘောရှိနေသည်။ ထိုသဘောမရှိလျှင်လည်း မျှော်စင်ကျွန်းက လက်သီးပွဲတွင် ဒေါဂျစ်(လယ်/ဆည်)ကို အကွဲထိုး၊ ဒဂုံ ရွှေအောင်လံဆီမီးပွဲတွင် စွမ်းအားရှင် (နှစ်ရှည်ဥယျာဉ်ခြံ)ကို အလဲထိုးခဲ့သူ ကျော်ကြီးနိုင်ထူးလွင်က မုန်ယိုဆင်ကဲ့သို့ အတင်းဝင် အတင်းထိုး တော့မည်ဖြစ်ရာ ဟိန်းညီညီ အကဲစောင့်ချိန်ရမည် မဟုတ်ပေ။

ကျင်းပချိန်

ပထမနေ့ **(ဧပြီ၄ရက်)** ပွဲစဉ်များတွင် ဆိုခဲ့သော ပွဲများနှင့်အတူ လေးချီအထူးပွဲ သုံးပွဲလည်း ပါဝင်မည်ဖြစ်သည်။ ရာသီဥတု ပူပြင်းသည့်အတွက် ပွဲကျင်းပချိန်ကို ညနေ ၃နာရီမှ စတင် သော်လည်း မွန်းလွဲ ၁နာရီခွဲမှ စ၍ အသင်းတိုက် မှတ်တိုင်မှ ပြိုင်ပွဲရုံသို့ အခမဲ့ကြိုပို့ မော်တော်ယာဉ် စီစဉ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ ရုံဝင်ကြေးကို အထူးတန်း ကျပ် ၈၀၀၀၊ ရိုးရိုးတန်း ကျပ် ၄၅၀၀ သတ်မှတ်ထားပြီး အထူးတန်းကြိုတင် လက်မှတ်များကို ဇော်ပစ်တိုင်းထောင်ဗီဒီယို ၃၅လမ်း (အလယ်ဘလောက်) ဖုန်း-၃၈၇၆၅၀ နှင့် ၀၉-၅၁-၂၉၂၄၄တို့တွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

လက်သီးပြင်းသည့် ဝါးရင်းတုတ်ဖိုးကေ။

> **ကျွန်တော်ကတော့ အမှန်အကန်ထိုးမှာပဲ။ ရိုးရာလက်ဝှေ့မှာ ကြိုးဝိုင်းထဲရောက်ရင် ညီအစ်ကိုဆိုတာတောင် မရှိတော့ဘူး။ မထိုးဘူးဆိုရင် အစကတည်းက ကြိုးဝိုင်းထဲမဝင်နဲ့၊ ဝင်လာပြီဆိုရင်တော့ ပြိုင်ဘက်ဟာ ပြိုင်ဘက်ပဲ။ ပြိုင်ဘက်ဆိုရင် ဘယ်ပြိုင်ဘက်မျိုးမဆို အလဲထိုးဖို့ပဲ ကျွန်တော် အာသီသရှိတယ်။**

ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အသက်(၇၀)ပြည့်အဖွဲ့ဝင်များအား

ထောက်ပံ့ငွေပေးအပ်

ပြင်ဦးလွင် ဧပြီ ၁

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ကြီးမှူး၍ အသက်(၇၀)ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၁၀နာရီက ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးတင်စိုး(ငြိမ်း)က ထောက်ပံ့ငွေပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး အသက်(၇၀)ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင် ၉၅ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှုန်းဖြင့် စုစုပေါင်းငွေကျပ်၉၅၀၀၀၀ကို ထောက်ပံ့ပေးအပ်ပြီး**(အပေါ်ပုံ)** အဆင့်မြင့် စည်းရုံးရေးသင်တန်းအမှတ်စဉ်(၁၆/၂၀၀၈)တွင် သင်တန်းထူးချွန်ဆုရ ပြင်ဦးလွင်မြို့နယ် စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌဗိုလ်မှူးဟန်ညွန့်(ငြိမ်း)အား ဆုချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသောင်းနှင့် ဗိုလ်မှူးမောင်လတ်(ငြိမ်း) (စိုးစံလေ့ကျင့်ရေးစခန်း)မှ ကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး ဓာတ်လှေကားသစ်ဖွင့် ဝေဒနာရှင်လူနာများအား အချိန်တိုအတွင်း သက်သောင့်သက်သာ ပို့ဆောင်ပေးနိုင်

ရန်ကုန် ဧပြီ ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၏ ဇနီး ဒေါ်တင်တင်န္တဲ့ ဦးဆောင်သော အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးတွင် တပ်ဆင်အသုံးပြုမည့် ဓာတ်လှေကားသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်စနာရီက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အဆိုပါအထူးကုဆေးရုံကြီး၌ ကျင်းပသည်။

အမှာစကား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (အမျိုးသားဓာတ်ခွဲ) ဦးနေဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် အလှူရှင်များကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်တင်တင်န္တဲ့က ဓာတ်လှေကားနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူး (အမျိုးသားဓာတ်ခွဲ)ဦးနေဝင်းက လက်ခံသည်။

နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး ဓာတ်လှေကားသစ်ဖွင့်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ၏ ဇနီး ဒေါ်တင်တင်န္တဲ့က အလှူရှင်များကိုယ်စား ဓာတ်လှေကားနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (အမျိုးသားဓာတ်ခွဲ) ဦးနေဝင်းထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဓာတ်လှေကား ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်နှင့် အထိမ်းအမှတ်အလံများကို ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းလှ၊ ပါမောက္ခဌာနမှူး ဒေါက်တာဦးသိန်းထွန်း၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ချိုချိုလွင်နှင့် ဆေးရုံအုပ် ဒေါက်တာ ဒေါ်တင်တင်ဝေတို့က ပေးအပ်ကြရာ ဝန်ကြီး၏ ဇနီးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ကျေးဇူးတင်စကား

ယင်းနောက် ပါမောက္ခဌာနမှူး ဒေါက်တာဦးသိန်းထွန်းက ဓာတ်လှေကားဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီး၏ ဇနီးနှင့် အလှူရှင်များ၊ တာဝန်ရှိသူများက ဓာတ်လှေကားကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ ဖွင့်လှစ်ပေးကြသည်။

ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးကို ၂၀၀၀ ပြည့်နှစ် မတ်၂၆ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ပင်မအဆောက်အအုံလေးထပ်ပါရှိသော ခုတင်(၁၅၀)ဆံ့ အထူးကုဆေးရုံကြီး ဖြစ်သည်။

ယနေ့ ဖွင့်လှစ်ပေးသော ဓာတ်လှေကားနှစ်စင်း တပ်ဆင်နိုင်မှုကြောင့် ခွဲစိတ်ပြီး လူနာများ၊ သက်ကြီး ရွယ်အိုလူနာများအပါအဝင် ဆေးဝါးတက်ရောက်ကုသလျက်ရှိသော ဝေဒနာရှင်လူနာများအား အချိန်တိုအတွင်း သက်သောင့်သက်သာ ပို့ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မဇေပရယ်နောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီက ဆုချီးမြှင့်စဉ်။ (ပညာရေး)

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနားရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မီး သတိပြု

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော (၁၅)ကြိမ်မြောက် အလှူရှင်စက်ရေတွင်းဖွင့်ပွဲကို ရေငံကျေးရွာတွင် မတ် ၂၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းကိုနှင့် အမှုဆောင်အရာရှိ ဦးကံချွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ညောင်ရွှေ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ညောင်ရွှေ ဧပြီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းထွဋ်ကြီးကြပ်၍ ဒုတိယဦးစီးမှူး ဒေါ်လွင်လွင်ဦး ဦးဆောင်ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးအုန်းကျော်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိ ဈေးဖများ စုပေါင်း၍ မတ် ၁၆ ရက်က ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြဇာတ်တိုက် လေ့ကျင့်ကြသည်။

(ဝ၂၁)

တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဘားအံ၌ကျင်းပ

ဘားအံ ဧပြီ ၁

၂၀၀၉ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို မတ် ၂၄ရက် နံနက် ၉နာရီက ဘားအံမြို့ ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်က အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ ၂၀၀၉ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲမိန့်ခွန်းကို ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေးနောင်က ဖတ်ကြားသည်။

(ဝဝ၈)

စိန်မိုက်ကယ်ကျောင်း ဆရာကြီး ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေး

ရန်ကုန် ဧပြီ ၁

စိန်မိုက်ကယ်ကျောင်း ဆရာကြီး ဆရာမကြီးများ၏ ကျန်းမာရေးနှင့် အထွေထွေစောင့်ရှောက်မှုလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် နှစ်စဉ်ကန်တော့ခံ ဆရာကြီး ဆရာမကြီး ၄၉ဦးတို့အား ပထမအကြိမ် အထူးကျန်းမာရေး ဆေးစစ်ခြင်းအခမ်းအနားကို မတ် ၂၉ရက် နံနက်စနာရီက စတင်၍ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ် ဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးနှင့် အထွေထွေစောင့်ရှောက်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေး(ငြိမ်း)နှင့်ကော်မတီဝင်များက ဆရာကြီး ဆရာမကြီးများအား ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက နှလုံး၊ သွေးတိုး၊ ဆီးချို၊ သွေးချို၊ အဆုတ်၊ အသည်းနှင့်မျက်စိရောဂါများအား ရှာဖွေဆေးစစ်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ထောက်ပံ့ငွေပေးအပ်

ကျန်းမာရေးဆေးစစ်ခြင်း အခမ်းအနားအပြီးတွင် လစဉ်ထောက်ပံ့ပေးလျက်ရှိသော ဆရာကြီး ဆရာမကြီးများအား ထောက်ပံ့ငွေများကို ကော်မတီဝင် ကျောင်းသား ကျောင်းသူဟောင်းများက ပေးအပ်ကြသည်။ ကျန်းမာရေးဆေးစစ်မှုခံယူပြီး ရေရှည်ဆေးဝါး ဆက်လက်ကုသရန် လိုအပ်သော ဆရာကြီး ဆရာမကြီးများအား ဆက်လက်၍ ဆေးဝါး ကုသပေးမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မသန်စွမ်းသူများ အပန်းဖြေခရီး ပို့ဆောင်မည်

ရန်ကုန် ဧပြီ ၁

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က မသန်စွမ်းသူများအား ဧပြီ ၁၉ ရက်မှ ၂၁ ရက်အထိ ချောင်းသာရွှေဟသ်ာမိုတယ်၌ လန်းဆန်းစွာ တည်းခို အနားယူအပန်းဖြေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယင်းအပန်းဖြေခရီးစဉ်ကို ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက ဦးဆောင်၍ မသန်စွမ်းသူ ၃၀ နှင့် ၄င်းတို့၏ အကူပုဂ္ဂိုလ် ၁၀ ဦး၊ လေ့လာသူ ငါးဦး စုစုပေါင်း ၄၅ ဦးတို့က Air Con Express ယာဉ်များဖြင့် သွားရောက်ကြမည်ဖြစ်ပြီး သွားရောက်အပန်းဖြေရန် အမှန်တကယ်ခက်ခဲသော မသန်စွမ်းသူများကိုသာ ရွေးချယ်ခေါ်ယူသွားမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ရုံးခန်း အခန်း (B-104) အမှတ် ၇၉၇ မြန်မာ့အလှတာဝါ(၂) ဗိုလ်ချုပ်လမ်း (ဝါးတန်းလမ်းထောင့်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၂၉၂၃၊ ၂၂၉၀၈၇ နှင့် ၂၁၅၉၃၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တားမြစ်ဆေးဝါးများအကြောင်း ရှင်းလင်းဟောပြော

ရန်ကုန် ဧပြီ ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ ဆေးဆိုင်များတွင် ရောင်းချခွင့်မရှိသည့် တားမြစ်ဆေးဝါးများနှင့်ထိန်းချုပ်ဆေးဝါးများအကြောင်း ရှင်းလင်းဟောပြောခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီခွဲက သဃ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့ဓမ္မာရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးကျော်အေး၊ ခရိုင်ရဲမှူး၊ ဦးစီးရဲမှူး ရွှေညာမောင်၊ ခရိုင်အတွင်းရှိ ၁၄မြို့နယ်များမှ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ အရှေ့ပိုင်းခရိုင် မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မြင့်သိန်းနှင့် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ ၁၄မြို့နယ်များမှ ဆေးဆိုင်ပိုင်ရှင် ၁၄၂ဦးတို့ တက်ရောက်ကြသည်။

ရှင်းလင်းဟောပြော

အခမ်းအနားတွင် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်အေးက ဆေးဆိုင်များတွင် ရောင်းချခွင့်မရှိသည့် တားမြစ်ဆေးဝါးများနှင့်ထိန်းချုပ်ဆေးဝါးများအကြောင်း ရှင်းလင်း ဟောပြောခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** (၁၂၁)

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သောရောဂါများသည်ရောဂါပိုးများ ပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်-

(က) မသန့်ရှင်းသည့်လက်၊ အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာနှင့်နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သော နေရာများတွင်ရှိခြင်း။

သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်-

- ရေကို ကျိုချက်၍သောက်ပါ။
- ယင်နားစာများ မစားပါနှင့်။
- ယင်လုံအိမ်သာ အသုံးပြုပါ။
- အစားမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
- တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက် ဝမ်းလျှောရောဂါ ဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ကန့်ဘလူ၌ ခုတင် ၁၀၀ဆံ့ဆေးရုံ ပန္နက်တင်

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ ခုတင် ၁၀၀ဆံ့ ပြည်သူ့ဆေးရုံ ပန္နက်တင် မင်္ဂလာအခမ်းအနားကို မတ် ၂၅ရက် နံနက်က ကန့်ဘလူမြို့ အမှတ်(၃) ရပ်ကွက် ကန့်ဘလူ စပါယ်နံ့သာလမ်း (တပင်ရွှေထီးလမ်း)၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အတွင်းရေးမှူး ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ (၀၂၇)

စာဖတ်သူတိုးပွားရေး အသိပညာပေး ဟောပြော

ပူတာအိုခရိုင် ပမ္မတီးကျေးရွာအုပ်စု ညဲဆာလာဒီကျေးရွာ ရေခဲတောင်စာကြည့်တိုက်၌ ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်ဆန့်ခင်က စာဖတ်သူတိုးပွားရေး၊ မူးယစ်ဆေးဝါးနှင့် AIDS ရောဂါများ ကြိုတင်ကာကွယ်တားဆီးရေး ပညာပေးဟောပြောရာ စာဖတ်ဝါသနာရှင်များ တက်ရောက်နားထောင်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

သီပေါမြို့မဈေး၌ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦးနှင့်တပ်ဖွဲ့ဝင်များ၊ ဈေး အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းရွှေလှနှင့် ဈေးသူဈေးသားများ ပူးပေါင်းပြီး မတ် ၇ရက်က မြို့မဈေးကြီးရှေ့၌ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ကြသည်။ (၀၂၀)

ကျေးလက်ရေပေးရေးဖွင့်ပွဲ မိုင်းနားကျေးရွာ၌ ကျင်းပ

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေနှင့် ပြည်သူပူးပေါင်းဆောင်ရွက်သော ကျေးလက်ရေပေးရေးလုပ်ငန်း မိုင်းနားကျေးရွာ စိမ့်စမ်းရေပေးရေး ဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၈ နာရီက ကျင်းပရာ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်း၊ အမှုဆောင်အရာရှိ ဦးငွေလွင်စိုးတို့က အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ **(မြို့နယ်စည်ပင်)**

စလင်း၌ စာကြည့်တိုက်အဆောက်အအုံများဖွင့်

မင်းဘူးခရိုင် စလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးဆောင်စည်းရုံးမှုဖြင့် စာကြည့်တိုက်အဆောက်အအုံသစ်များ ဖြစ်ထွန်းပေါ်ပေါက်ရေး ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့နေ အလှူရှင်ဦးထွန်းကြည်၊ ဒေါ်နန်းတို့က ငွေကျပ်သိန်း ၃၀ အကုန်အကျခံတည်ဆောက်လှူဒါန်းသော ခြောက်ပင်ကျွန်းရွာ ကမ္ဘာရွာစာကြည့်တိုက်အဆောက်အအုံသစ်နှင့် ပေါင်းတူးတောင်ရွာ သုတဥယျာဉ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်တို့ကို မတ် ၂၈ရက်က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပုသိမ်၌ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်

ပုသိမ်မြို့နယ် စိုင်ခြိကျေးရွာနှင့် ရေချိုကုန်းကျေးရွာတို့ ဆက်သွယ်သော ကျေးရွာချင်းဆက် ကျောက်ချောလမ်း အဆင့်မြှင့်တင်ဆောင်ရွက်မှုကို ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းရာဇာထွန်းနှင့်အဖွဲ့ဆောင်ရွက်ရာ ဖေဖော်ဝါရီ ၂၀ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းကြီးကြပ်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တိုင်းရင်းဆေးပညာ အသိပေးဟောပြော

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မတ် ၁၄ ရက်က မြန်မာ့တိုင်းရင်းဆေးပညာ အသိပညာပေးဟောပြောပွဲ ကျင်းပရာ အခမ်းအနားတွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးပိုက်ပိုက်က အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။ (၀၉၀)

ကောလင်း၌ နွေရာသီ အားကစားသင်တန်းများဖွင့်

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် အားကစားရုံတွင် မတ် ၁၀ရက်က နွေရာသီ အားကစားသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အားကစားနည်းပြဆရာများနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။ **(၀၃၂)**

နွားထိုးကြီး၌ မီးဘေးကာကွယ်ရေး နှိုးဆော်

နွားထိုးကြီးမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် နွားထိုးကြီးမီးသတ်ဦးစီးဌာနမှ မြို့နေပြည်သူများမီးသတိပြုရန် မတ် ၈ရက်က မြို့တွင်းလှည့်၍ ဆောင်ရွက်ရာ မီးသတိမူရေးစည်းကမ်းများ လိုက်နာရန်၊ မီးကိုအချိန်ကန့်သတ်သုံးစွဲရန်၊ မီးငြိမ်းသတ်ပစ္စည်းများထားရှိရန်နှင့် လောင်စာဆီ သိုလှောင်ရောင်းဝယ်ခြင်း မပြုလုပ်ရန် နှိုးဆော်ဆောင်ရွက်ကြောင်း သိရသည်။ (၀၉၂)

ဘုတလင်၌ ကျေးရွာချင်းဆက်လမ်းနှင့် မုခ်ဦးဖွင့်

ဘုတလင် ဧပြီ ၁

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မုံရွာခရိုင် ဘုတလင်မြို့နယ် ရွှေစာရေးရွာတွင် ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုးလမ်းနှင့် မုခ်ဦးဖွင့်ပွဲကို မတ် ၂၁ရက် နံနက် ၈နာရီက ကျင်းပရာ အဆိုပါ ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုးလမ်းနှင့် မုခ်ဦးဖွင့်ပွဲတွင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးကျော်မိုးနိုင်၊ ရပ်မိရပ်ဖများဖြစ်ကြသော အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးသြဘာနှင့် ဦးနက်တူးစိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဘိုးဘွားရိပ်သာဖွင့်လှစ်ရေး ညှိနှိုင်းဆွေးနွေး

ရမည်းသင်း ဧပြီ ၁

ရမည်းသင်းမြို့၌ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့သည့် ရွှေသင်းဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲနှင့် ရိပ်သာဖွင့်လှစ်ရေး အပြီးသတ်ညှိနှိုင်း တွေ့ဆုံဆွေးနွေးပွဲကို မတ် ၂၂ ရက် နံနက် ၉ နာရီက ဘိုးဘွားရိပ်သာဧည့်ခန်းမဆောင်၌ ကျင်းပရာ ရိပ်သာတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌဦးရွှေနှင့် အတွင်းရေးမှူး ဦးအောင်မြင့်သိန်းတို့က အဆောက်အအုံတည်ဆောက်ပြီးစီးမှု၊ မီးတပ်ဆင်ပြီးစီးမှုများနှင့် အလှူငွေရရှိမှုအခြေအနေ စသည်တို့ကို ညှိနှိုင်းဆွေးနွေးကြသည်။ (၁၆၉)

2-4 (07).pmd 1 4/2/2009, 2:31 AM

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်၁၀နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီး Dr. Anton Apriyantono အား လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်၊ စိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေး၊ မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့် ရေဆင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ကြည်တို့တက်ရောက်ကြပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီး Dr. Anton Apriyantono နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Sebastianus Sumarsono၊ Director General of Agriculture, Dr. Ato Suprapto နှင့် Head of Asia Sub Division, International Cooperation Bureau, Mr. Yusral Tahir တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီး Dr. Anton Apriyantono အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီး Dr. Anton Apriyantono အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒို့ကျေးရွာ ဂျာနယ် အတွဲ(၆)၊ အမှတ်(၇) ထွက်ပြီ

ရန်ကုန် ဧပြီ ၁



မိဿရာသီ တန်ခူးလချိန်ခါ၌ ကံ့ကော်၊ ရင်ခတ်၊ ပိတောက်ပန်းရနံ့တို့နှင့်အတူ မင်္ဂလာနှစ်သစ်ကို ကြိုဆိုလျက်ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊မွေးမြူရေး၊ကျန်းမာရေးနှင့်ဗဟုသုတအဖြာဖြာတို့ကိုစုံလင်စွာဖော်ပြပေးနေသောဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊အမှတ်(၇)ကို ဧပြီ၁ရက်က ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် တောင်သူများ ဝင်ငွေတိုးစေဖို့ ငွေချည်ခြောက်ချည်မျှင်ရှည်ဝါစိုက်ကြစို့၊ စီးပွားရေးနှင့် ကျန်းမာရေးတို့အကျိုး ရဲယိုစိုက်ပျိုး၊ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ စပါးကျီဖြစ်လာမည့် မိုင်းရင်ဒေသ၊ ကျေးရွာအမှိုက်လယ်ယာမြေ ရတနာသိုက်၊ ရိုးပြတ်တောကြီးများကို နွေစပါးခင်းကြီးများအဖြစ် ပြောင်းလဲဖန်ဆင်းလိုက်သော ဆင်ဖုံလျှပ်စစ်ရေတင် စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ နွားနောက်မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးသယံဇာတပေါကြွယ်ဝဖို့ ငါးမျိုးဗီဇမြင့်တင်စို့၊ နို့စားနွားတွင် ဖြစ်ပွားတတ်သောသားလျှောရောဂါကာကွယ်ရန်လိုအပ်စသည့်မွေးမြူရေးဆောင်းပါးများ၊ ဆေးဖက်ဝင်ကွမ်းရွက်ပင်၊ မရှိမဖြစ်အသုံးဝင်သည့် ဆေးဖက်ဝင်ဆား၊ အရောင်အသွေးနှင့် အသီးအရွက်အုပ်စု၊ ခြံထွက်သီးနှံနှင့် ကျန်းမာရေး၊ ဓာတ်မတည့်ခြင်းအကြောင်း သိကောင်းစရာ စသည့် ကျန်းမာရေးသတင်းဆောင်းပါးများ၊ အတာရေပက်ဖျန်း၍ နှစ်သစ်ကို ကြိုကြမည်၊ အများပိုင်ကုမ္ပဏီများထောင်ပြီး ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးထုတ်လုပ်သင့်၊ ဗီယက်နမ် နိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများ၊ ဘရူနိုင်းနိုင်ငံအကြောင်း သိကောင်းစရာ စသည့် အသိပညာပေး သုတ၊ ရသဆောင်းပါးများ၊ အကောင်းဆုံးမြန်မာသံစဉ် သီချင်းတွေကို ပရိသတ်ကြီးဆီတင်ဆက်သွားဦးမှာပါဆိုတဲ့ စိုးစန္ဒာထွန်းနှင့် တွေ့ဆုံခြင်း အနုပညာဆောင်းပါး၊ နိုင်ငံတကာအားကစားသတင်းများ၊ ညောင်ပင်တစ္ဆေဝေလေလေ ဝတ္ထုတိုတို့အပြင် ကဗျာ၊ဟာသ၊ကာတွန်း၊ ပုံပြင်၊ ဗေဒင်၊ မြန်မာဗီဒီယို ဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို သုတ၊ ရသစုံလင်စွာ ဖော်ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ်၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

သစ်တောသိပ္ပံဘွဲ့ရများ၏ ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ၁၉၆၇ခုနှစ်မှ ၁၉၇၃ခုနှစ်များအတွင်း သစ်တောသိပ္ပံပညာဘွဲ့ရရှိခဲ့သော သစ်တောနှင့် သစ်လုပ်ငန်းတို့မှ တပည့်များအနေနှင့် ထိုစဉ်က ပညာသင်ပေးခဲ့သော သစ်တောပညာ ဆရာကြီးများအား ပူဇော်ကန်တော့ပွဲကို လာမည့်ဇွန်လနောက်ဆုံးပတ်အတွင်း ပြုလုပ်ရန်စီစဉ်ထားရာ အတန်း ကိုယ်စားလှယ်များဖြစ်ကြသော ဦးစိုးညွှန့်(၁၉၆၇) ဖုန်း-၀၅၃-၂၄၇၇၉၊ ဦးတင်ဝင်း(၁၉၆၈)ဖုန်း-၀၉-၅၁-၀၁၀၄၆၊ ဦးအုန်းလွင်(၁၉၆၈) ဖုန်း-၀၂-၆၁၂၃၉၊ ဦးဝင်းလွင်(၁၉၆၉) ဖုန်း-၀၉-၅၁-၂၅၃၄၆၊ ဦးစိုးဝင်းလှိုင်(၁၉၆၉) ဖုန်း-၀၉-၅၀-၂၃၂၃၀၊ ဦးဟန်စိုး(၁၉၇၀) ဖုန်း-၀၉-၅၃-၁၀၇၈၆၊ ဦးဇော်ဝင်း(၁၉၇၀)ဖုန်း-၀၁-၅၅၃၈၈၅၊ဦးအောင်ကျော်မိုး(၁၉၇၁)ဖုန်း-၀၉-၈၆-၄၀၁၆၉၊ ဦးမြင့်စိန်(၁၉၇၁)ဖုန်း-၀၉-၅၀-၆၃၃၈၉၊ ဦးခင်ဇော်(၁၉၇၂)ဖုန်း-၀၉-၅၅-၀၀၄၇၈၊ဦးအေးဝင်း(၂)(၁၉၇၂)ဖုန်း-၀၉-၅၃-၁၁၃၀၆၊ ဦးသန်းဝင်း(၁၉၇၃) ဖုန်း-၀၉-၈၅-၈၁၃၅၁နှင့်ဦးမြင့်ဦး(၁၉၇၃)ဖုန်း-၀၉-၂၀-၁၂၆၅၀တို့သို့ လိပ်စာ၊ ဖုန်းနံပါတ် နှင့် အလှူငွေများကို မေ၃၁ရက် နောက်ဆုံးထား ဆက်သွယ်ပေးပို့ကြရန် ဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ခန္တီးမင်္ဂလာဈေး၌ မီးဘေးကြိုတင်ကာကွယ်

ခန္တီး ဧပြီ ၁

ခန္တီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မင်္ဂလာဈေးအတွင်းမီးဘေးကြိုတင်ကာကွယ်ရေးအတွက် အမှုဆောင်အရာရှိ ဦးစိုးအောင် ဦးဆောင်၍ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဆန်းမိုး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအေးမင်းနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှူး ဦးကျော်သန်းဝေ ဈေးမိဈေးဖများနှင့်အတူ ဖေဖော်ဝါရီ ၂၀ရက်က ဈေးဆိုင်ခန်းများအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မတ်၃၁ရက်က(၃၈)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့နှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာသောနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Major General Abu Roshde Rokonuddawla, ndc, psc ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စမ်းချောင်းမြို့နယ်ရုံးက ကြီးမှူး၍ နယ်လှည့်နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ အခမ်းအနားကို မတ် ၂၄ ရက်က လင်းလွန်း(တောင်)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းဌေးက ရပ်ကွက်ဥက္ကဋ္ဌဦးခင်အောင်ထံဂျာနယ်၊စာစောင်များလှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)

စစ်တွေမြို့ရှိ ရပ်ကွက်များသို့ ရေလုံလောက်စွာဖြန့်ဝေပေးနိုင်ရေး ရေတွန်းစက်တပ်ဆင်

ရန်ကုန် ဧပြီ ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်အရ စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စစ်တွေမြို့၌ ရေတွန်းစက်နှစ်လုံးကို ဖေဖော်ဝါရီ ၁၃ရက်က စတင်တပ်ဆင်ခဲ့ပြီး မတ် ၁၇ရက်တွင် လုပ်ငန်းပြီးစီးခဲ့သည်။

စစ်တွေမြို့နယ် ပြည်သူလူထုသည် စစ်တွေမြို့ ရေလှောင်ကန်မှ ရေကို သောက်သုံးရေအဖြစ် အားထားသုံးစွဲနေကြပြီး ယခင်ကဖြန့်ဝေမှုစနစ်မှာ အလိုအလျောက် စီးဆင်းစေသောစနစ်ကိုအသုံးပြု၍ ဖြန့်ဝေခြင်းကြောင့် ရေဖိအားလျော့နည်းချိန်တွင် အစွန်းအဖျားရပ်ကွက်များသို့ ရေရောက်ရှိမှုနည်းပါကာ သောက်သုံးရေအခက်အခဲဖြစ်ခဲ့ရသည်။

ရေလုံလောက်

ယင်းရေတွန်းစက်များကို အသုံးပြု၍ စမ်းသပ်ဖြန့်ဝေပေးခဲ့ရာ ယခင်က ရေအနည်းအငယ်သာ ရရှိခဲ့သည့် ရပ်ကွက် ရှစ်ရပ်ကွက်အနက် ခုနစ်ရပ်ကွက်သို့ ရေလုံလောက်စွာ ဖြန့်ဝေနိုင်ခဲ့သဖြင့် အိမ်ခြေ ၃၅၀၀၊ လူဦးရေ ၁၃၈၅၅ဦးတို့ အသုံးပြုသော အိမ်သွယ်ရေတိုင် ၅၅၄တိုင်နှင့် အများသုံးရေကန် ၄၀တို့သို့ ရေလုံလောက်စွာ ဖြန့်ဝေနိုင်ခဲ့သည်။

ကြိုးပမ်းဆောင်ရွက်

ကျန်ရပ်ကွက်များရှိ အိမ်သွယ်ရေတိုင်နှင့် အများသုံးရေကန်များသို့လည်း ရေပိုမို တွန်းပို့ပေးနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး RUBY MART ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေးချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် RUBY MART ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် RUBY MART ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ဂနာရီခွဲတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ရန်ကုန်-မန္တလေးလမ်း စစ်ကိုင်းလမ်းခွဲနှင့် ရတနာပူရလမ်းခွဲကြားရှိ အဆိုပါ RUBY MART ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်အားပေးချီးမြှင့်ပြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့်ဇနီး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာများ၊ မြဝတီထရေးဒင်းလီမိတက် မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် RUBY MART ရှေ့ သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဘင်ခရာတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် မန်နေဂျင်း ဒါရိုက်တာတို့က RUBY MART ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက RUBY MART ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ပက်ဖျန်း

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယတိုင်းမှူးနှင့် မန်နေဂျင်းဒါရိုက်တာတို့က RUBY MART ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များသည် RUBY MART အတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဝယ်ယူနိုင်

အဆိုပါ RUBY MART တွင် လူသုံးကုန်၊ စားသုံးကုန်၊ လျှပ်စစ်ပစ္စည်း၊ ကလေးကစားစရာများနှင့် အသုံးအဆောင် ပစ္စည်းမျိုးစုံတို့ကို လက်လီလက်ကား ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ပြီး RUBY MART နှင့်တွဲလျက် သီးသန့်ခန်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် စက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ပစ္စည်းနှင့် လူသုံးကုန် ပစ္စည်းမျိုးစုံတို့ကို လက်လီလက်ကား ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီစည်းဝေး

ရန်ကုန် ဧပြီ ၁

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ အစည်းအဝေး(၅/၂၀၀၉)ကို မတ် ၃၁ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်မြို့သည် နိုင်ငံတော်၏ စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ မြို့တော်နေပြည်သူများအပါအဝင် ဌာနဆိုင်ရာအားလုံးတို့က ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် လုပ်ငန်းကော်မတီအသီးသီးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေး(၅/၂၀၀၉)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဥတု ရာသီ တောကို မှီ၏

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ မိုးဆက်၍ရွာနိုင်

ရန်ကုန် ဧပြီ ၁

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ် အထိပိုခဲ့ပြီး ရှမ်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် ချောက်မြို့နှင့် သာယာဝတီမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်တွင် ဝ.၁၁ လက်မ၊ မိုင်းဆတ်မြို့တွင် ၁.၁၁ လက်မ၊ ကျိုင်းတုံမြို့တွင် ၁.၀၆ လက်မ၊ မချမ်းဘောမြို့တွင် ၀.၉၈ လက်မ၊ ဖလမ်းမြို့တွင် ၀.၈၇ လက်မနှင့် ပူတာအိုမြို့တွင် ၀.၈၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၂ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်၊ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ။

မုန်တိုင်းသင့်ဒေသများအတွက်လှူဒါန်း

နေပြည်တော် ဧပြီ ၁

ဆိုင်ကလုန်းမုန်တိုင်းသင့် ဒေသများအတွက် ပြည်တွင်း/ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိကြရာ မတ် ၁၁ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသပြည်သူများအတွက် အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ကိုယ်စား ကော်မတီအဖွဲ့ဝင်များက လက်ခံကြသည်။

မတ် ၁၁ရက်မှ ၃၀ရက်အထိ လှူဒါန်းကြသော အလှူရှင်များမှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက အိမ်အလုံး ၁၀၀ အတွက် လှူဒါန်းငွေကျပ် သိန်း ၆၀၀၊ မက်စ်မြန်မာကုမ္ပဏီက အိမ်အလုံး ၂၀၀အတွက် ငွေကျပ်သိန်း ၁၂၀၀၊ FMI ကုမ္ပဏီက အိမ် ၁၂၅ လုံးအတွက် လှူဒါန်းငွေကျပ်သိန်း ၇၅၀၊ ဗန်ကောက်မြို့ မြန်မာသံရုံးမှတစ်ဆင့် လက်ခံရရှိသော အလှူငွေထိုင်းဘတ် ၆၂၂၉၀၅၊ Mr. Luxana Jariyawatskul (Regina Hotel & Golf Club)က ထိုင်းဘတ် ၁၀၀၀၀၀၊ Federation of Filipino-Chinese Chamber of Commerce & Industry က လှူဒါန်းသည့် ယူရိုငွေ ၇၃၄၃၆၉ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နက္ခတ္တဗေဒနှင့် နက္ခတ်တာရာပြခန်း(နေပြည်တော်)

တက္ကသိုလ်တင်လက်ျာ

အလွန်ရှေးကျသော ခေတ်ကာလမှစ၍ လူသားတို့သည် ကောင်းကင်ယံရှိ အာကာသလောကကို စိတ်ဝင်စားခဲ့ကြပါသည်။ နေ၊ လ၊ ကြယ်၊ ဂြိုဟ်တို့ အကြောင်းကို သိရှိလိုစိတ်ဖြင့် ကောင်းကင်၌မြင်သမျှတို့ကို လေ့လာစူးစမ်း မှတ်သားခဲ့ကြသည်။ ခေတ်ကာလ အဆက်ဆက်၏ နည်းပညာတိုးတက်မှု အပေါ်အခြေခံ၍ သိပ္ပံဆိုင်ရာလေ့လာမှုများအား စမ်းသပ်လာနိုင်ခဲ့သည့်နည်းတူ နေစကြဝဠာကြီးအတွင်းရှိ အခြားဂြိုဟ်များအားလည်း ကမ္ဘာမြေမှဂြိုဟ်တုများ လွှတ်တင်၍ လေ့လာနိုင်သည့်အဆင့်ထိ ရောက်ရှိနေပြီ ဖြစ်ပါသည်။

ရှေးခေတ် အီဂျစ်လူမျိုးတို့သည် ဂရိလူမျိုးတို့ထက်စောပြီး နက္ခတ္တဗေဒ ပညာအား လေ့လာလိုက်စားခဲ့သည်ဟု သိရှိရပါသည်။ ရာသီဥတုပိုင်းခြား နိုင်ရန်အတွက် နေ၊ လနှင့် ဂြိုဟ်နက္ခတ်တို့အကြောင်းလေ့လာရာမှ အစပြုခဲ့ကြ ပါသည်။ ရှေးခေတ်က ဖီနီရှန် လူမျိုးတို့သည် နက္ခတ္တဗေဒပညာကို လိုက်စား၍ ပင်လယ်သို့ခရီးထွက်ကြသည်။နက္ခတ္တဗေဒပညာ၏ကျေးဇူးကြောင့်ပင်ပင်လယ် ရေကြောင်းခရီး ကျယ်ပြန့်စွာ သွားရောက်နိုင်ခဲ့သဖြင့် အမေရိကတိုက်နှင့် ဩစတြေးလျတိုက်ကို တွေ့ရှိခဲ့ကြပါသည်။ ဘီစီ ၁၀၀ ကျော်လောက်ကတည်း ကပင် ဂရိလူမျိုးတို့သည် ကြယ်တို့၏ ရာသီအချိန်မှန်မှန် ရွေ့လျားပုံကို လည်းကောင်း၊ ဂြိုဟ်တို့၏ အမျိုးမျိုးပြောင်းလဲရွေ့လျားပုံကို လည်းကောင်း သတိပြုနိုင်ခဲ့ခြင်းကြောင့် ရှေးခေတ်တစ်ချိန်က ကမ္ဘာကြီးပြားနေသည်ဟု အယူ အဆမှ ကမ္ဘာကြီးသည်လုံးသည်ဟု ပြောင်းလဲ ယူဆလာနိုင်ခဲ့ကြပါသည်။ လတ္တီတွဒ်နှင့် လောင်ဂျီတွဒ်မျဉ်းများ ဆွဲလာနိုင်ခဲ့ကြသည်။ နေကြတ်ခြင်း၊ လကြတ်ခြင်းတို့ ဖြစ်ပေါ်မည့်အချိန်များကိုပင် ကြိုတင် ပြောဆိုလာနိုင်ခဲ့ကြပါ သည်။ ဂရိပညာရှင် တော်လမီက နေစကြဝဠာတွင် ကမ္ဘာမြေကြီးသည် ဗဟို၌ရှိသည်ဟူသောယူဆချက်အားဖော်ထုတ်ခဲ့သည်။ ထိုအယူအဆအရ နေ၊ ဂြိုဟ်နှင့် ကြယ်တို့သည် ကမ္ဘာမြေကြီးကိုပတ်နေသည်ဟု ဆိုပါသည်။ ထိုမှ တစ်ဖန် အီတာလျံလူမျိုး သင်္ချာပါမောက္ခဖြစ်သူ ဂယ်လီလီအိုသည် နက္ခတ် တာရာမှန်ပြောင်းပြုလုပ်၍ ထိုအဝေးကြည့်မှန်ပြောင်းဖြင့် စကြဝဠာအားလေ့လာ ခဲ့ရာ ဂရိပညာရှင် တော်လမီ၏ နေစကြဝဠာသည် ကမ္ဘာမြေကြီးကို ဗဟိုပြု ထားသည်ဟူသော အယူအဆမှာ မှားယွင်းနေကြောင်း သိရှိခဲ့ရပါသည်။ နေစကြဝဠာတွင် နေအားဗဟိုပြု၍ ကမ္ဘာမြေကြီး အပါအဝင် အခြားဂြိုဟ် များက လှည့်ပတ်နေကြောင်း ပြောင်းလဲယူဆလာနိုင်ခဲ့ကြသည်။

ညဉ့်အခါ ကောင်းကင်သို့မော့ကြည့်ပါက မြင်နေရသောကြယ်များသည် ငြိမ်သက်စွာ တည်ရှိနေသည်ဟု ထင်ရပါသည်။ အမှန်မှာ ၎င်းကြယ်တို့သည် တစ်နာရီလျှင် မိုင်ပေါင်း(၇၂၀၀၀)အမြန်နှုန်းဖြင့် ရွေ့လျားနေကြောင်း နက္ခတ္တ ပညာမှတ်တမ်းများအရ သိရှိရပါသည်။ ကမ္ဘာမြေပြင်မှ မြင်ရသည့် ကြယ် သည် အမြင်အားဖြင့်သေးငယ်သော်လည်း အမှန်မှာ အဝေးမှ နေတစ်စင်းပင် ဖြစ်ပါသည်။ ၎င်းကြယ်သည် ကမ္ဘာမြေနှင့် အလွန်ဝေးကွာနေသောကြောင့် လျင်မြန်သောအသွားနှုန်းဖြင့်ပြေးနေသော်လည်း ငြိမ်သက်နေသည်ဟု ထင်မှတ် ရပါသည်။ နေကိုဗဟိုပြု၍ အတူတကွ လှည့်ပတ်လျက်ရှိသော ဂြိုဟ်နက္ခတ် တာရာ အစုအဝေးတစ်ခုကို နေစကြဝဠာ (Solar System) ဟု ခေါ်ပါသည်။ ထိုသို့နေစကြဝဠာ အမြောက်အမြားရှိနေကြသည့် အာကာသလောကအတွင်းမှ ကြယ်တစ်လုံးနှင့် မိုင်ပေါင်း ၉၃သန်းဝေးသည့်နေရာ၌ ထိုကြယ်ထက် အဆ ပေါင်း သိန်းသန်းမက သေးငယ်၍ ကိုယ်ပိုင်အလင်းရောင်မရှိသော ဂြိုဟ်လေး တစ်လုံးသည် ထိုကြယ်မှအလင်းရောင်မှီခို၍နေရပါသည်။ ထိုကြယ်မှာ ကျွန်ုပ် တို့၏ နေဖြစ်၍ ဂြိုဟ်ကလေးမှာ ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးပင် ဖြစ်ပါသည်။ စကြဝဠာအတွင်း ကိုယ်ပိုင်အလင်းရောင်မှာ ကြယ်များတွင်သာ ရှိပါသည်။ ကမ္ဘာမြေကြီးကဲ့သို့သောဂြိုဟ်များနှင့် လကဲ့သို့သော အရံဂြိုဟ်များတွင်ကိုယ်ပိုင် အလင်းရောင်မရှိကြောင်း သိရှိရပါသည်။ ကမ္ဘာမြေကြီးပေါ်၌ မိုင်တစ်ထောင် မှာ အလွန်ရှည်လျားနေပြီဖြစ်သော်လည်း အာကာသလောကတွင်မူ အလွန် တိုတောင်းလှသော အကွာအဝေးပင်ဖြစ်ပါသည်။ ကြယ်တို့၏ အကွာအဝေးကို တိုင်းတာလိုပါက တစ်နှစ်အတွင်းကြယ်တို့၏ရွေ့လျားသော ခရီးအပေါ်မူတည်၍ တိုင်းတာရပါသည်။ အလင်းရောင်ခြည်သည် တစ်နှစ်အတွင်း မိုင်ပေါင်း ၅၈၄၀၀၀၀၀၀၀၀၀(ကုဋေငါးသိန်းရှစ်သောင်းလေးထောင်)ပြေး၍ ထိုခရီးကို "အလင်းနှစ်"ဟု ခေါ်ကာ ထိုအတိုင်းအတာဖြင့် ကြယ်တို့၏ အကွာအဝေးကို အလင်းနှစ်ပေါင်း မည်မျှရှိသည်ဟု တိုင်းတာဖော်ပြကြပါသည်။

ကမ္ဘာမြေကြီးသည် နေစကြဝဠာတွင် ပါဝင်သော ဂြိုဟ်တစ်လုံးမျှသာ ဖြစ်သည်ဟု နားလည်သဘောပေါက်လာကြပြီး နေစကြဝဠာအတွင်း နေကိုဗဟို ပြု၍သွားလာနေသောဂြိုဟ်များမှာ ကမ္ဘာမြေကြီးအပါအဝင်ဂြိုဟ်ပေါင်းကိုးလုံး ရှိသည့်အနက် ပလူတို (Pluto)ဂြိုဟ်မှာ ဂြိုဟ်အဆင့်မရှိကြောင်း၊ ဂြိုဟ်သိမ် ဂြိုဟ်မွှားသာဖြစ်သည့်အတွက်ဂြိုဟ်စာရင်းမှပယ်ဖျက်ပြီး ပလူတွိုက်(Plutoids) များဟုသာ ခေါ်ဆိုမည်ဖြစ်ကြောင်း နက္ခတ္တဗေဒဆိုင်ရာ သိပ္ပံပညာရှင်များက ပြောကြားခဲ့ပါသည်။ ပလူတို (Pluto) ဂြိုဟ်အား ဂြိုဟ်ကြီးကိုးလုံးစာရင်းမှ ပယ်ဖျက်ပြီး ဂြိုဟ်ကြီးရှစ်လုံးသာရှိတော့မည်ဖြစ်ကြောင်း နော်ဝေ(Norway) နိုင်ငံ အော်စလိုမြို့၌ ကျင်းပသော The International Astronomical Union အမှုဆောင်ကော်မတီ အစည်းအဝေးတွင် နိုင်ငံတကာနက္ခတ္တဗေဒ ဆိုင်ရာ သမဂ္ဂကြေညာချက်၌ ဖော်ပြထားသည်။

ကမ္ဘာမှ ကျွန်ုပ်တို့တွေ့မြင်ရသော လမင်းကြီးသည် တနင်္လာဂြိုဟ်ဖြစ် သကဲ့သို့ ကမ္ဘာ၏အရံဂြိုဟ်ပွား တစ်ခုလည်းဖြစ်ပါသည်။ ကြာသပတေးဂြိုဟ် တွင် ဂြိုဟ်ပွား၁၂လုံး၊ အင်္ဂါဂြိုဟ်တွင်ဂြိုဟ်ပွားနှစ်လုံး၊ စနေဂြိုဟ်တွင် ဂြိုဟ်ပွား ကိုးလုံး၊ ကွင်းချပ်ပြားသုံးချပ် (Saturn's ring) နှင့် ယူရေးနပ်စ်ဂြိုဟ်တွင် ဂြိုဟ်ပွား ငါးလုံးရှိကြောင်း လေ့လာသိရှိရပါသည်။ တနင်္လာဂြိုဟ် (လ)သည် ကမ္ဘာကိုလှည့်ပတ်နေသကဲ့သို့ ကျန်ဂြိုဟ်များသည်လည်း နေကိုလှည့်ပတ်လျက် ရှိရာ ဗုဒ္ဓဟူးဂြိုဟ်သည် ၈၈ ရက်တွင်တစ်ကြိမ်၊ သောကြာဂြိုဟ်သည် ၂၂၅ရက် တွင်တစ်ကြိမ်၊ ကမ္ဘာကြီးသည် ၃၆၅ရက်တွင် တစ်ကြိမ်၊ အင်္ဂါဂြိုဟ်သည် ၆၈၇ရက်တွင် တစ်ကြိမ်၊ ကြာသပတေးဂြိုဟ်သည် ၁၁ နှစ်နှင့် ကိုးလတွင် တစ်ကြိမ်၊ စနေဂြိုဟ်သည် ၂၉ နှစ်နှင့် ၄ လတွင် တစ်ကြိမ် အသီးသီး လှည့်ပတ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

ကမ္ဘာမြေမှ အဝေးကြည့်မှန်ပြောင်းဖြင့်ကြည့်ပါက နဂါးငွေ့လမ်းကြောင်း အနောက်ဘက်ရှိ ကြယ်စုများကိုသာ မြင်နိုင်ပါသည်။ ထိုကြယ်တို့၏အလင်း ရောင်သည် ကမ္ဘာမြေကြီးသို့ရောက်အောင် နှစ်သန်းပေါင်းများစွာ လာရမည် ဖြစ်ပါသည်။ အာကာသလောကတွင် ဟာကျူရီနက္ခတ်ခေါ် မြောက်ဘက် ကောင်းကင်၌ တည်ရှိသောကြယ်စုသည် အခြားကြယ်စုတို့ထက် ကြီးမားသော ကြယ်စုတစ်စုဖြစ်၍ ထိုကြယ်စုမှ အလင်းရောင်သည် ကမ္ဘာမြေကြီးသို့ နှစ်ပေါင်း ၃၆၀၀၀ကြာအောင် လာရမည်ဟုဆိုပါသည်။အဓိပ္ပာယ်မှာ ဟာကျူရီနက္ခတ်စုကို ကျွန်ုပ်တို့ယနေ့ကြည့်၍မြင်ရသော အလင်းရောင်သည် ထိုကြယ်စုမှလွှန်ခဲ့သော နှစ်ပေါင်း ၃၆၀၀၀ မှစ၍ ထွက်လာခဲ့သည်ဟု ဆိုလိုပါသည်။ ထိုကြယ်စုအစွန်း တစ်ဖက်ရှိ ကြယ်တစ်လုံးမှ အလင်းရောင်သည် အခြားတစ်ဖက်ရှိ ကြယ်တစ်လုံး သို့ရောက်အောင် နှစ်ပေါင်း ၃၀၀ ခန့်သွားရရာ အလင်းရောင်သည် တစ်စက္ကန့် တွင် မိုင်ပေါင်း ၁၈၆၀၀၀မိုင်သွားနိုင်ပုံနှင့်စာလျှင် ထိုကြယ်စု မည်မျှကျယ်ပြန့် ကြီးမားသည်ကို ခန့်မှန်းနိုင်ပေသည်။

ကမ္ဘာမြေပေါ်ရှိ လူသားများ စိတ်ဝင်စားကြသည့် ကြယ်တံခွန်ဆိုသည်မှာ အမြီးတန်းပါရှိသော ကြယ်တစ်မျိုးပင်ဖြစ်ပါသည်။ အချို့ ကြယ်တံခွန်တို့သည် နေစကြဝဠာအတွင်းသို့ အချိန်မှန်ရောက်လာတတ်ပါသည်။ အချို့ ကြယ်တံခွန် မှာမူ နေစကြဝဠာအတွင်း တစ်ကြိမ်ရောက်ရှိလာပြီး နောက်ထပ်ပြန်မရောက် လာတော့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ညအခါ တစ်ခါတစ်ရံ ကမ္ဘာမြေ ပေါ်သို့ အရှိန်နှင့် ထိုးဆင်းပျံကျလာသောကြယ်များကို လူအများ မြင်ဖူးကြ ပါလိမ့်မည်။ ထိုပျံကျလာသော သို့မဟုတ် လူအများက ကြယ်ကြွေသည်ဟု ယူဆသော ကြယ်ပျံတို့သည် ကြယ်များမဟုတ်ကြောင်း၊ ကြယ်များမှ ပဲ့ကျလာ သော အပိုင်းအစများဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ထိုအပိုင်းအစများ သည် ကမ္ဘာမြေကြီးရှိရာသို့ ကမ္ဘာ၏ ဆွဲငင်အားကြောင့် အရှိန်ပြင်းစွာဖြင့် ကျလာစဉ် ကမ္ဘာ့လေထုနှင့် ထိတွေ့ပြီး ပွတ်တိုက်မှုကြောင့် အပူလွန်ကဲပြီး မီးလောင်ကျွမ်းကာ မြေပြင်သို့ ကျဆင်းလာခဲ့ခြင်း ဖြစ်ပါသည်။ ထိုဖြစ်စဉ်ကို ကမ္ဘာမြေပေါ်ရှိ ရှေးရိုးစွဲလူတချို့က ကြယ်ကြွေချိန်ဆုတောင်းလျှင် ဆုတောင်း ပြည့်သည်ဟု ယူဆလေ့ရှိကြပါသည်။

နက္ခတ်တာရာမျှော်စင်ဆိုသည်မှာ နေ၊ လ၊ နက္ခတ်စသော ကောင်းကင်သို့ မြေပြင်မှ မျှော်ကြည့်၍ လေ့လာနိုင်သော အဆောက်အအုံတစ်ခုပင် ဖြစ်ပါ သည်။ ခရစ်နှစ် ၁၂၁၆ခုတွင် တရုတ်နိုင်ငံ ပီကင်းမြို့၌လည်း ကူဗလိုင်ခန် ဘုရင်သည် နက္ခတ်မျှော်စင်တစ်ခုကို ဆောက်လုပ်ခဲ့ပါသည်။ ထို့ပြင် ခရစ်နှစ် ၁၅၇၆ခုခန့်တွင် တီကိုဗရာဟေးဆိုသူ ဒိန်းမတ်လူမျိုး နက္ခတ္တဗေဒပညာရှင် တစ်ဦးသည်လည်း နက္ခတ်မျှော်စင်တစ်ခုကို ဆောက်လုပ်ခဲ့ကြောင်း သိရှိရပါ သည်။ ယခုခေတ်ခါတွင် ကမ္ဘာတစ်ဝန်း၌ နက္ခတ်တာရာကြည့်မျှော်စင်ပေါင်း ၃၀၀ကျော်ခန့်ရှိပြီး အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ (Mount Palomar) နက္ခတ်တာရာကြည့် မှန်ဘီလူး၏အချင်းမှာ လက်မ ၂၀၀ရှိကြောင်း သိရပြီး ကမ္ဘာပေါ်တွင် အကြီးဆုံး မှန်ဘီလူးဖြစ်ကြောင်း သိရှိရပါသည်။ ပြင်သစ်နိုင်ငံရှိ အချင်း ၇၆လက်မရှိသော မှန်ဘီလူးနှင့် နက္ခတ်တာရာ ကြည့်စင် သည် အာကာသအတွင်းရှိ အလင်းအမြန်နှုန်းကို တိုင်းတာရာ၌ ပထမဦးဆုံး အကြိမ် တိုင်းတာနိုင်ခဲ့ကြောင်းသိရှိရပါသည်။ ရုရှားနိုင်ငံ လီနင်ဂရက်မြို့အနီး ပါလကိုဗိုရှိ နက္ခတ်မျှော်စင်၊ ဂျာမနီနိုင်ငံရှိ ပို့စဒမ်နက္ခတ်မျှော်စင်၊ နျူဗဗယ် စဗက် နက္ခတ်မျှော်စင်နှင့်အင်္ဂလန်နိုင်ငံရှိ ဂရင်းနစ်နက္ခတ်မျှော်စင်တို့သည် ကမ္ဘာ ပေါ်ရှိထင်ရှားသော နက္ခတ်မျှော်စင်များ ဖြစ်ကြပါသည်။

မြတ်စွာဘုရားပွင့်တော်မမူမီ နှစ်ပေါင်းတစ်ထောင်ခန့်က ဗြဟ္မဏပုဏ္ဏားကြီး များက ဘုရားပွင့်တော်မူလျှင်သိမြင်နိုင်ရန်အတွက် နက္ခတ္တပညာရပ်များ လေ့လာ ဆည်းပူးခဲ့ကြောင်း အဆိုရှိပါသည်။ ဘုရားလောင်းမွေးဖွား သန့်စင်တုန်းကပင် ဂြိုဟ်၊ လ၊ နက္ခတ်တာရာများအားကြည့်၍ ဘုရားစင်စစ်ဧကန်ဖြစ်မည်ဟု ကောဏ္ဍည ပုဏ္ဏားက ဟောကြားခဲ့ပါသည်။ မြန်မာ့နက္ခတ်တာရာ ပညာဆိုင်ရာ ယဉ်ကျေးမှု သည် ပျူခေတ်၊ ပုဂံခေတ်မှသည်မျက်မှောက်ခေတ်အထိ ထွန်းကားပြန့်ပွားလျက် ရှိပြီး ဇာတာဖွဲ့ခြင်း အလေ့အထသည်လည်း မြန်မာ့ရိုးရာထုံးတမ်း စဉ်လာတွင် အရေးပါခဲ့ပါသည်။ ပုဂံမြို့ မြင်းကပါရွာမြောက်ဘက် ဂူပြောက်ငယ်ဘုရား အနောက်ဘက်အာရုံခံ၏တောင်ဘက်နံရံပေါ်ရှိသက္ကရာဇ်၆၅၀ပြည့်နှင့်မြောက်ဘက် နံရံပေါ်ရှိ သက္ကရာဇ် ၆၇၂ခုနှစ်ပါ ဇာတာတို့သည် ပုဂံခေတ်၏နက္ခတ္တဗေဒပညာ ရပ်ဆိုင်ရာ လွန်စွာတန်ဖိုးရှိသော ရှေးမှတ်တမ်းဟောင်းများပင် ဖြစ်ပါသည်။

မြန်မာနက္ခတ်ကျမ်းများအရ ကောင်းကင်၌ နက္ခတ်၂၇လုံးရှိရာတွင် အဘိဇိ ဟူသော နက္ခတ်တစ်လုံးပါ နက္ခတ်၂၈လုံး သတ်မှတ်၍ နာမနက္ခတ် အဟော အတွက် ရှေးပညာရှင်များ သတ်မှတ်ခဲ့ကြခြင်းဖြစ်ပေသည်။ နက္ခတ် ၂၇လုံးမှာ အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာ၊ ရောဟဏီ၊ မိဂသီ၊ အဒြ၊ ပုဏ္ဏ-ဖုသျှ၊ ဖုသျှ၊ အသလိဿ၊ မာဃ၊ ပြုဗ္ဗာဘရဂုဏ္ဏီ၊ ဥတ္တရာဘရဂုဏ္ဏီ၊ ဟဿဒ၊ စိတြ၊ သွာတိ၊ ဝိသာခါ၊ အနုရာဓ၊ ဇေဋ္ဌ၊ မူလ၊ ပြုဗ္ဗာသဠ်၊ ဥတ္တရာသဠ်၊ သရဝဏ်၊ ဓနသိဋ္ဌ၊ သတ္တဘိသျှ၊ ပြုဗ္ဗာပရပိုဒ်၊ ဥတ္တရာပရပိုဒ်၊ ရေဝတီ တို့ဖြစ်သည်။ နက္ခတ် ၂၇ လုံးတို့သည် ရာသီစက်ဝန်းလှည့်၍ အစဉ်အတိုင်း တစ်ရာသီ မှ တစ်ရာသီသို့ ကူးဝင်ကြရာတွင် တစ်ရာသီတွင် နှစ်လုံးတစ်ပတ် အားဖြင့် ၁၂ရာသီတွင် နက္ခတ်စက်ဝန်း တစ်ပတ်လည်မိရာ တစ်နှစ်ဟု ခေါ်ကြသည်။ ၁၂ရာသီတွင် စန်းယှဉ်နက္ခတ်များမှာ ရာသီအလိုက် ၁၂လုံး ရှိကြသည်။ ၎င်းအပြင် အပြည်ပြည်ဆိုင်ရာ နက္ခတ်ကြယ်စု ၈၈ခု ရှိကြောင်း သိရှိရပါသည်။

ဂြိုဟ်များ၏ သဘာဝအခြေအနေနှင့် ရွေ့လျားသွားလာမှုများကိုမှတ်သား တွက်ချက်သော(Astronomy)ပညာရပ်နှင့် ဂြိုဟ်များ၏ သဘောသဘာဝ နှင့် ပေါင်းစပ်ညှိနှိုင်းပြီး အတိတ်နှင့်အနာဂတ်ကိုသုံးသပ်ဟောကြားသော (Astrology) ပညာရပ်နှစ်မျိုးရှိပါသည်။ Astronomy ပညာရပ်အနေဖြင့် ယနေ့ကမ္ဘာတွင် လကမ္ဘာပေါ်သို့ လူတို့ခြေချနိုင်ခဲ့ခြင်း၊ ကမ္ဘာမြေပြင်မှ အခြားဂြိုဟ်များသို့ ဂြိုဟ်တုများလွှတ်တင်၍ လေ့လာမှုများပြုလုပ်ခြင်း၊ ကမ္ဘာ ပတ်လမ်းကြောင်းအတွင်း ဆက်သွယ်ရေးဂြိုဟ်တုများ လွှတ်တင်နိုင်ခြင်း စသည်ဖြင့် ကမ္ဘာ့လူသားများအတွက် လွန်စွာအကျိုးပြုနေသည့် ပညာရပ် တစ်ခု ဖြစ်ပါသည်။ Astrology ပညာရပ်မှာမူ ဒဿနဆန်ပြီး လူသားများ ၏အတိတ်နှင့်အနာဂတ်အခြေအနေကို မှန်းဆ သုံးသပ်ဟောကိန်းထုတ်ရာတွင် အသုံးပြုသည့်ပညာရပ်ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ နက္ခတ္တပညာရပ်နှင့် ပတ်သက်၍ ထင်ရှားကျော်ကြား သည့် ပညာရှင်များမှာ ကုန်းဘောင်ခေတ်တွင် "မ" တစ်လုံးခင်ကြီးဖျော် ဆရာတော်၊ ညောင်ကန်ဆရာတော်၊ မောင်းထောင်ဆရာတော်၊ မုံရွေးဇေတဝန် ဆရာတော်၊ ယောအတွင်းဝန်ဦးဖိုးလှိုင်၊ ကန္နီအတွင်းဝန်မင်းကြီးမဟာမင်းခေါင် သင်္ချာ၊ စကြဒေဝီမိဖုရားကြီးတို့မှာ ထင်ရှားပါသည်။ ထို့နောက် ခေတ် အဆက်ဆက် နက္ခတ္တပညာရပ်ဆိုင်ရာ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများမှာ ဦးသိန်းဖေ၊ ဦးသန်းမောင်(ပျဉ်းမနား)၊ ဦးအုန်းသင်(လှျပ်စစ်ဗေဒင်)၊ ဦးကျော် ငြိမ်း၊ ဦးဖိုးမြိုင်၊ ဦးစံညွှန့်၊ ဆရာတော်ဦးသီလာစရ၊ ဒေါက်တာဗိုလ်လေး (အငြိမ်းစား ဒုတိယ ဝန်ကြီး၊ သစ်တောရေးရာ)၊ ဦးမြိုင်၊ ဦးတင်အောင်၊ ဆရာဒဂုန်၊ မိုးတားဦးထွန်းရှိန်၊ ဦးမြတ်သုခ၊ ဦးမြတ်အောင်၊ ဦးမြင့်သွင်၊ ဦးမြင့်မောင်တို့ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံ၏ နက္ခတ်ပညာရှင်အဖွဲ့မှာ ဒေါ်ကြည်ကြည်စိန်(ဥက္ကဋ္ဌ)၊ ဒေါ်စန်းမြင့်လှိုင်(ဒုတိယဥက္ကဋ္ဌ)၊ ဦးဇေယျာကို (ဒုတိယဥက္ကဋ္ဌ)၊ ဦးမောင်မောင်မြင့် (အတွင်းရေးမှူး)၊ ကျန်အဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားပါသည်။ ယနေ့ခေတ်ကာလတွင်လည်း အိုင်တီနည်းပညာရပ် ကျွမ်းကျင်သည့် ပညာရှင်များက နက္ခတ်ပညာ ပြန့်ပွားတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ နက္ခတ္တဗေဒပညာကို ရှေးပညာရှင် အချို့က သိပ္ပံပညာရပ်၏မိခင်ဟုခေါ်ဆိုကြသည်။သိပ္ပံပညာရပ်တို့သည်နက္ခတ္တ ဗေဒပညာမှ ပေါက်ဖွားလာသည်ဟု ယူဆကြသည့်အလျောက် နက္ခတ္တဗေဒ ပညာရပ်နှင့်ပတ်သက်သည့် ဗဟုသုတများ ကျယ်ပြန့်စွာသိရှိရန် လိုအပ်ပေ သည်။တိုးတက်ခေတ်မီသော နိုင်ငံသားတိုင်း အာကာသနှင့်နက္ခတ္တပညာဆိုင်ရာ သတင်းအချက်အလက်နှင့် နည်းပညာများကို လေ့လာသင့်ကြပါသည်။

ထိုနက္ခတ္တဗေဒဆိုင်ရာ ဗဟုသုတမှတ်တမ်း အချက်အလက်များအား ပြည်သူများအတွင်း ကျယ်ပြန့်စွာ တိုးချဲ့ပညာပေးနိုင်ရေးအတွက် နက္ခတ်တာ ရာပြခန်း (Planetarium)မှာ နိုင်ငံတိုင်း နိုင်ငံတိုင်းအတွက် မရှိမဖြစ်သော ပြခန်းတစ်ခုဖြစ်ပါသည်။

ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသော လမ်းညွှန်ချက်အရ နိုင်ငံတကာအဆင့်အတန်းမီ နက္ခတ်တာရာပြခန်း(Planetarium)အား တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) အနီး၌ သစ်တောရေးရာဝန်ကြီးဌာနက ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၉ ရက် နေ့မှစ၍ တာဝန်ယူဆောက်လုပ်ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ကျောင်းသား လူငယ်များနှင့် ပြည်သူလူထုအား နက္ခတ်တာရာသိပ္ပံဆိုင်ရာ ဗဟုသုတများ တိုးပွားလာစေရေး၊ ပညာပေးရေးနှင့် အပန်းဖြေ ဖျော်ဖြေရေးအစီအစဉ်တို့ အတွက် ဖြစ်ပါသည်။ သစ်တောရေးရာဝန်ကြီးဌာန၏ စီမံကြီးကြပ်မှုဖြင့် နိုင်ငံသားပိုင် MRT Co.,Ltd. မှ ဒီဇိုင်းပုံစံရေးဆွဲခြင်းနှင့် အဆောက်အအုံ များ ဆောက်လုပ်ခြင်းတို့အား တာဝန်ယူပြီး နက္ခတ်တာရာပြခန်းပင်မဆောင် (Planetarium Chamber)ပညာပေးပြခန်းငယ်များနှင့် အဝင်ဧည့်ခန်းဆောင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

Astronomy ပညာရပ်အနေဖြင့် ယနေ့ကမ္ဘာတွင် လကမ္ဘာပေါ်သို့ လူတို့ခြေချနိုင်ခဲ့ခြင်း၊ ကမ္ဘာမြေပြင်မှ အခြားဂြိုဟ်များသို့ ဂြိုဟ်တုများလွှတ်တင်၍ လေ့လာမှုများပြုလုပ်ခြင်း၊ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ဆက်သွယ်ရေးဂြိုဟ်တုများ လွှတ်တင်နိုင်ခြင်း စသည်ဖြင့် ကမ္ဘာ့လူသားများအတွက် လွန်စွာအကျိုးပြုနေသည့် ပညာရပ်တစ်ခုဖြစ်။

2-4 (10).pmd 1 4/2/2009, 2:31 AM

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

(Exhibits Hall and Lobby)၊ အမှတ်တရပစ္စည်း အရောင်းဆိုင်နှင့် စားသောက်ဆိုင် (Gift Shop and Restaurant) အဆောက်အအုံသုံးခုတို့အား တွဲဖက်လျက် ဖွဲ့စည်းတည်ဆောက်ထားကြောင်း သိရှိရပါသည်။

ပင်မပြခန်းဆောင် (Planetarium Chamber)သည် အဋ္ဌဂံဒီဇိုင်းပုံစံဖြစ်၍ ထောင့်ဖြတ် ပေ ၈၀၊ အမြင့် ပေ ၈၀ရှိပြီး အတွင်း၌ လူ ၁၆၀ဆံ့ ထိုင်ခုံများထားရှိကာ အလူမီနီယမ်အမိုးခုံးပိတ်ကားအား မျက်နှာကြက်မှ ၁၀ဒီဂရီစောင်းချိတ်ဆွဲထားကြောင်း သိရှိရပါသည်။ နောက်ဆုံးပေါ် ခေတ်မီအဆင့်မြင့် နည်းစနစ်သုံးပြသမှု စနစ်များအတွက် ကြယ်တာရာပြစက် (Star Ball Projector) သုံးဖက်မြင် ဗီဒီယိုပြသမှုစနစ်များ၊ အစီအစဉ်ထုတ်လွှင့်မှုဆိုင်ရာ စက်ကိရိယာများနှင့် အသံပိုင်းဆိုင်ရာစနစ်များ၊ Planetariumတွင်အသုံးပြုရန် အထူးတီထွင်ထားသောထိုင်ခုံ စသည့် စက်ကိရိယာပစ္စည်းများအား ပြည်ပနိုင်ငံများဖြစ်သည့် အမေရိကန်၊ ပြင်သစ်၊ အီတလီနှင့် ဂျပန်နိုင်ငံတို့မှ ဝယ်ယူတပ်ဆင်ပြသထားကြောင်း သိရှိရပါသည်။ ပြသမှုအစီအစဉ်များတွင်လည်း နေအဖွဲ့အစည်းပါဝင်သည့် ကျွန်ုပ်တို့၏ စကြဝဠာကြီးအကြောင်းကို အာကာသအတွင်း လှည့်လည်သွားလာလျက်ရှိသော အရာများအားလုံး ပါဝင်အောင် ဖန်တီးတင်ဆက်ထားသော စကြဝဠာ (Universe) အမည်ရှိ စကြဝဠာဆိုင်ရာ ပညာပေးဇာတ်လမ်းအား ဂျပန်နိုင်ငံလုပ် နောက်ဆုံးပေါ် Chiron Star Ball Projector ကြယ်တာရာပြစက်နှင့် တွဲဖက်ပြသနိုင်ကြောင်းလည်း သိရှိရပါသည်။ တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်ကိရိယာများ တပ်ဆင်ခြင်းလုပ်ငန်းများအားလည်း ပြည်ပမှ ကျွမ်းကျင်သည့် အကြံပေးပညာရှင်များ လာရောက် ဆောင်ရွက်ပေးထားကြောင်းသိရှိရပါသည်။ ပြခန်းပင်မဆောင် (Planetarium Chamber) အတွင်းတွင် နောက်ဆုံးပေါ်နက္ခတ်တာရာပြစက်များဖြင့် ရင်သပ်ရှုမောဖွယ်ရာ အာကာသတွင်းမှ မြင်ကွင်းများ၊ ရေအောက်ကမ္ဘာမြင်ကွင်းများအား မိမိကိုယ်တိုင် အာကာသတွင်း ရောက်ရှိနေသည့်အလား၊ ပင်လယ်ရေနက်ထဲသို့ရောက်ရှိသွားသည့်အလား၊ စိတ်လှုပ်ရှားဖွယ်၊ စိတ်ဝင်စားဖွယ် ခံစားတွေ့မြင်နိုင်စေရန် Computer Animation နည်းပညာဖြင့် ဖန်တီးတင်ဆက်ထားသည့် ပြပွဲများအား ကြည့်ရှုနိုင်ပေမည်။ ယနေ့ကမ္ဘာတွင် ခေတ်စားလျက်ရှိသော သန္တာကျောက်တန်း ရေအောက်ကမ္ဘာ (Kaluoka'hina: The Enchanted Reef) အမည်ရှိ ကလေးများအတွက် အထူးဖန်တီးထုတ်လုပ်ထားသော ကာတွန်းဇာတ်လမ်းကိုလည်း ကြည့်ရှုနိုင်ရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

ပညာပေးပြခန်းငယ် (Exhibits Hall and Lobby) အတွင်းတွင် နက္ခတ်တာရာသိပ္ပံဆိုင်ရာ ဗဟုသုတများစွာကို ပေးစွမ်းနိုင်သော ဂြိုဟ်၊ လ၊ ကမ္ဘာတို့အကြောင်းများအပြင် ကျွန်ုပ်တို့နေထိုင်ရာ စကြဝဠာကြီးအတွင်းရှိ ထူးခြားဆန်းပြားလှပသော အရာများအကြောင်းကိုပါ အံ့သြဖွယ်ရာ မြင်တွေ့နိုင်မည်ဖြစ်သည်။ ၎င်းအပြင် ကြယ်တာရာများ၏ ဖွဲ့စည်းတည်ရှိပုံ၊ ကမ္ဘာမြေကြီး၏ ဆွဲငင်အားတို့အကြောင်းကို သိရှိနိုင်ရန် မိမိကိုယ်တိုင် ခလုတ်များနှိပ်၍ စမ်းသပ်လေ့လာနိုင်မည် ဖြစ်သည်။

နိုင်ငံတကာအဆင့်မီ အဆင့်မြင့်နည်းပညာသုံး စက်ကိရိယာပစ္စည်းများ တပ်ဆင်ထားသည့် နက္ခတ်တာရာပြခန်း(နေပြည်တော်) Planetarium (Naypyitaw) အား သစ်တောရေးရာဝန်ကြီးဌာနမှ ၂၀၀၉ခုနှစ် မတ်လ ၂၆ရက်နေ့တွင် အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ထူးချွန်အားကစားသမားများ ဆုချီးမြှင့်ပွဲ အခမ်းအနား အားကစားဝန်ကြီး တက်ရောက်

ရန်ကုန် ဧပြီ ၁

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ထူးချွန်အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီခွဲက အားကစားနှင့်ကာယပညာ သိပ္ပံ (ရန်ကုန်)၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် အမှာစကား ပြောကြားသည်။

ဆုပေးအပ်

ထို့နောက် ဝန်ကြီးက စံပြဆုရပြေးခုန်ပစ် သင်တန်းမှ မောင်သက်ဇော်ဝင်းနှင့် မနှင်း ရီဝေတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက စည်းကမ်း ထူးချွန်ဆုရ အလေးမသင်တန်းမှ မောင်ဘို ဇော်မြင့်နှင့် ပြေးခုန်ပစ်သင်တန်းမှ မသန်း သန်းစိုးတို့အား လည်းကောင်း၊ ညွှန်ကြား ရေးမှူးချုပ်ဦးသောင်းထိုက်က အိပ်ဆောင် နှင့် ဝတ်စားဆင်ယင်မှုဆုရ တိုက်ကွမ်ဒို သင်တန်းမှ မောင်မင်းရှိုင်းပင်းနီနှင့် ပိုက်ကျော်ခြင်းသင်တန်းသူ မမူစန်းစန်းအေး တို့အားလည်းကောင်း ဆုများကို ပေးအပ် ချီးမြှင့်ကြသည်။ ယင်းနောက် ပြေးခုန်ပစ် သင်တန်းမှ မနှင်းရီဝေက ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

အမှာစကားပြော

ဆက်လက်၍ ဝန်ကြီးသည် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပ သော သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား(က)အဆင့်၊ (ခ)အဆင့်နှင့် (ဂ)အဆင့်တံခွန်စိုက်ပြိုင်ပွဲ သို့ တက်ရောက်၍ အမှာစကားပြောကြား ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲကို မတ် ၃၁ ရက်မှ ဧပြီ ၃ရက်အထိ နေ့စဉ် ညနေ ၃ နာရီမှ စတင်၍ ကျင်းပသွားမည်ဖြစ်ပြီး အသင်း ၁၂သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် တွေ့ဆုံ

နေပြည်တော် ဧပြီ ၁

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad သည် ယမန်နေ့ မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်တို့ ကချင်ပြည်နယ် ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Zhang Guobao ခေါင်းဆောင်သော China Power Investment Co.,Ltd. (CPI) မှ တာဝန်ရှိသူများသည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့်အတူ မတ် ၂၉ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ရောက်ရှိပြီး ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းအား သွားရောက်တွေ့ဆုံသည်။

ယင်းနောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးနှင့် တိုင်းမှူးတို့သည် အမှတ်တရ လက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး တို့အား ဧရာဝတီမြစ်ဆုံ စီမံကိန်းရှင်းလင်း ဆောင်၌ (CPI) မှ စီမံကိန်းအင်ဂျင်နီယာ Mr.Shi Su Byan က မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်းနှင့် ချီဖွေငယ် ရေအား လျှပ်စစ်စီမံကိန်း ဆောင်ရွက်မှုအခြေအနေ များကို ရှင်းလင်းတင်ပြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ရတနာပုံ F.C မှ ကစားသမား ခုနစ်ဦးနှင့် ကမ္ဘောဇ F.C မှ ကစားသမား ရှစ်ဦး စာချုပ်ချုပ်ဆိုခေါ်ယူ

သတင်းမှတ်စုနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်   စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁

မြန်မာနေရှင်နယ်လိဂ် ကစားသမားများ၏ အပြောင်းအရွှေ့စာချုပ် လက်မှတ်ရေးထိုးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပရာ ရတနာပုံ F.Cမှ ကစားသမား ခုနစ်ဦး၊ ကမ္ဘောဇ F.Cမှ ကစားသမား ရှစ်ဦး လာရောက် စာချုပ်ချုပ်ဆိုခဲ့ကြသည်။

ကမ္ဘောဇ F.C တွင် ကစားမည့် အောင်ကျော်ဦး စာချုပ်ချုပ်ဆိုစဉ်။

ကမ္ဘောဇ F.C တွင် ကစားမည့် နေဝင်း စာချုပ်ချုပ်ဆိုစဉ်။

မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံအသင်းမှာ လက်ရှိအချိန်အထိ ကစားသမား ရှစ်ဦးခေါ်ယူပြီးသွားပြီဖြစ်ပြီး ယင်းရှစ်ဦးအတွက် လက်မှတ်ထိုးကြေး ငွေကျပ်သိန်း ၁၄၀သုံးစွဲထားသည်ကိုတွေ့ရသည်။ ယနေ့စာချုပ်ချုပ်ဆိုခဲ့သော ကစားသမားများမှာ မြန်မာ့လက်ရွေးစင် ဘယ်တောင်ပံ ကစားသမား ပိုင်စိုး(ဘဏ္ဍာ/အခွန်)ကို လက်မှတ်ထိုးကြေး ငွေကျပ်သိန်း ၄၀၊ လစာကျပ် ၁၀သိန်း၊ ပို့ဆောင်ရေးအသင်းမှ နောက်ခံကစားသမား ကျော်ဇေယျာမင်းနှင့် ကျော်ဇေယျာဝင်းတို့ကို လက်မှတ်ထိုးကြေး ကျပ်သိန်း ၂၀စီနှင့် လစာကျပ်ခြောက်သိန်းစီ၊ (ဘဏ္ဍာ/အခွန်) အသင်းမှ သူရိန်စိုးကို လက်မှတ်ထိုးကြေး ကျပ် ၁၅သိန်း၊ လစာကျပ် ငါးသိန်း၊ အောင်ဘိုဘိုဝင်း၊ ဖြိုးကိုကိုလှိုင်၊ ချစ်စမ်းမောင်တို့ကို လက်မှတ်ထိုးကြေးကျပ် ၁၀သိန်းစီနှင့် လစာကျပ် သုံးသိန်းငါးသောင်းစီတို့ဖြင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ရတနာပုံ F.C နည်းပြချုပ် Mr. Rohan(ပြင်သစ်)က"အသင်းက ကစားသမားမစုံသေးသလို လေ့ကျင့်ရေးကွင်းလည်းမရသေး၍ လေ့ကျင့်မှုများ မပြုလုပ်ရသေးကြောင်း၊ နိုင်ငံခြားသား ကစားသမား ငါးဦးအပါအဝင် ပြည်တွင်းမှ ကစားသမား ၁၀ဦးကို ထပ်မံ ခေါ်ယူရန်ရှိကြောင်း၊ ယင်းကစားသမားများမှာ အိုင်ဗရီကို့စ်မှ သုံးဦးနှင့် ဆီနီဂေါမှ နှစ်ဦးတို့ ဖြစ်ကြောင်း၊ အိုင်ဗရီကို့စ်မှ နောက်ခံတိုက်စစ်မှူး Kone ဆိုလျှင် ဥရောပ ထိပ်တန်းအသင်းများတွင် ကစားနိုင်သည့် ခြေစွမ်းမျိုးရှိကြောင်း၊

ရတနာပုံ F.C တွင် ကစားမည့် ကျော်ဇေယျာမင်း စာချုပ်ချုပ်ဆိုစဉ်။

ငါးဦးစလုံး ၎င်းတို့ ပြည်တွင်းလိဂ်များတွင် ဦးစားပေးကစားသမားများအဖြစ် ကစားနေသူများဖြစ်ပြီး မြန်မာ့ဘောလုံးပြုပြင်ပြောင်းလဲရေးတွင် မြန်မာလူငယ် ကစား

ရတနာပုံ F.C တွင် ကစားမည့် ပိုင်စိုး စာချုပ်ချုပ်ဆိုစဉ်။

သမားများ အတူယှဉ်နိုင်ရန် ခေါ်ယူခဲ့ခြင်းဖြစ်ပါကြောင်း"ဖြင့် ပြောကြားသွားသည်။ Mr.Rohanမှာ ရတနာပုံ F.Cကိုတာဝန်မယူမီ ထိုင်းကလပ်အသင်းကို နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်သည်။

ကမ္ဘောဇ အသင်းမှာ ယနေ့တွင် အားကစားသမားရှစ်ဦးအား ထပ်မံစာချုပ်ချုပ်ဆို ခေါ်ယူခဲ့ရာ စုစုပေါင်းကစားသမား ၂၄ဦး ခေါ်ယူပြီးသွားပြီဖြစ်သည်။ ကမ္ဘောဇအသင်းမှာ ယင်း ၂၄ဦးအတွက် လက်မှတ်ထိုးကြေးကျပ်သိန်း ၆၃၀ အသုံးပြုထားရာ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများတွင် လက်မှတ်ထိုးကြေး အများဆုံးအသုံးပြုထားသည့် အသင်းဖြစ်လာသည်။ ကမ္ဘောဇအသင်းမှာ ယခင်အဆင့်မြင့်တန်းပြိုင်ပွဲဝင် ကမ္ဘောဇ အသင်းမှခြောက်ဦးနှင့် ပို့ဆောင်ရေးအသင်းမှနှစ်ဦးတို့ကို စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းမှ အလယ်တန်းကစားသမား နေဝင်း၊ နေဇော်ထက်၊ အောင်သန်းဝင်း၊ နောက်ခံလူ ဉာဏလွင်တို့ကို လက်မှတ်ထိုးကြေး ကျပ်သိန်း ၂၀စီနှင့် လစာကျပ် ငါးသိန်းစီ၊ အောင်ကျော်ဦးနှင့်ရဝေဇင်(ဂိုး)တို့ကို လက်မှတ်ထိုးကြေး ကျပ်သိန်း ၂၀စီနှင့် လစာကျပ် လေးသိန်းစီ၊ ပို့ဆောင်ရေးမှ ဖြိုးမင်းမောင်(ဂိုး)ကို လက်မှတ်ထိုးကြေး ၁၅ သိန်းနှင့် လစာကျပ် လေးသိန်း၊ နောက်ခံလူ ဇော်ရဲမောင်ကို လက်မှတ်ထိုးကြေးကျပ် ၁၅သိန်းနှင့် လစာကျပ် သုံးသိန်းတို့ဖြင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ယနေ့အထိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် စာချုပ်ချုပ်ဆိုထားသူ ကစား



ကမ္ဘောဇ F.C တွင် ကစားမည့် ဖြိုးမင်းမောင်(ဂိုး) စာချုပ်ချုပ်ဆိုစဉ်။

သမား ၉၉ဦးရှိသွားပြီဖြစ်ပြီး ယင်းကစားသမားများအတွက် သုံးစွဲထားသော လက်မှတ်ထိုးကြေးမှာ ကျပ်သိန်း ၂၀၀၀ ကျော်သွားပြီဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

သထုံမြို့နယ်၌ ဗီဒီယိုအခြေခံအဖွဲ့ လျာထားရွေးချယ်

သထုံ ဧပြီ ၁

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ၂၀၀၉-၂၀၁၀ခုနှစ် သထုံမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ လျာထားရွေးချယ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၁၀ နာရီက သထုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးချန်ထွန်းက ဗီဒီယိုအခြေခံအဖွဲ့ လျာထားရွေးချယ်ရေး ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့အမှုဆောင်ဟောင်းများ၏ အမည်စာရင်းနှင့် တစ်ဦးချင်းမိတ်ဆက်၍ တက်ရောက်လာသည့် လုပ်ငန်းရှင်များက အမှုဆောင်အသစ်များ ဖွဲ့စည်းရေးအတွက် ဆန္ဒမဲပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဉပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဉပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

တပ်မတော်နေ့ ဂုဏ်ပြု စာကြည့်တိုက်ဖွင့်

မြို့လှ ဧပြီ ၁

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မြို့လှမြို့ ရွှေငြိမ်းချမ်းကျေးရွာ အေးငြိမ်းချမ်း စာကြည့်တိုက်နှင့် ကျေးရွာရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ရုံးသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက် နံနက်၁၀နာရီက အဆိုပါ ကျေးရွာစာကြည့် တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ပပ သိန်း၊ ရွှေငြိမ်းချမ်းကျေးရွာ ဥက္ကဋ္ဌ ဦးတူး မိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ရန်ပုံငွေနှင့် စာအုပ်စာစောင် များ လှူဒါန်းကြရာ အုပ်ချုပ်ရေးမှူး၊ မြို့လှ စခန်းမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် များ၊ လုပ်ငန်းရှင်များက ရန်ပုံငွေ ကျပ် ၃၀၀၀၀၀နှင့် စာအုပ်စာစောင် ၁၇၃ အုပ် စုစုပေါင်းငွေကျပ် ၃၉၀၀၀၀ကျော်ဖိုး လှူဒါန်းခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သတင်းအတတ်ပညာ အထူးပြု ဒုတိယနှစ် ကျောင်းသား ကျောင်းသူများ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၌ ကြည့်ရှုလေ့လာနေကြ သည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းအတတ်ပညာအထူးပြု ဒုတိယနှစ် ကျောင်းသားကျောင်းသူများ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ လက်တွေ့ကွင်းဆင်းလေ့လာ

ရန်ကုန် ဧပြီ ၁

ပညာရေးဝန်ကြီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် သတင်းအတတ်ပညာအထူးပြု ဒုတိယနှစ်ကျောင်းသား၊ ကျောင်းသူများ၏ လက်တွေ့ကွင်းဆင်းလေ့လာမှုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟန်းမြို့နယ် ဖိုတိုလစ်သို ပုံနှိပ်စက်ရုံသို့ ယနေ့နံနက်၉နာရီခွဲက ရောက်ရှိခဲ့ကြသည်။

ရှင်းပြ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဖိုတိုလစ်သို ပုံနှိပ်စက်ရုံတွင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ (ပုံနှိပ်)ဦးကိုကိုနိုင်က ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း၏ ရည်မှန်းချက်နှင့် လက်ရှိဆောင်ရွက်နေမှုများ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းလက်အောက်ရှိ ပုံနှိပ်စက်ရုံများ လည်ပတ်နေမှုများကို ပရိဂျက်တာများဖြင့် အကျယ်တဝင့် ရှင်းလင်းပြသည်။

အသေးစိတ်ရှင်းပြ

ထို့နောက် ဖိုတိုလစ်သိုစက်ရုံမှူး ဦးနိုင်အောင်လွင်ကလည်း ဖိုတိုလစ်သိုစက်ရုံ၏ သမိုင်းအကျဉ်း၊ ပါဝင်ဖွဲ့စည်းထားသည့် ဌာနစိတ်များ၊ လက်ရှိဆောင်ရွက်နေသည့် စာအုပ်စာစောင်များ ရိုက်နှိပ်နေမှုများကို ရှင်းလင်းပြောကြားသည်။ ပြီးနောက် စက်ရုံအတွင်းရှိ လုပ်ငန်းခွင်များ အား လိုက်လံပြသရာ သက်ဆိုင်ရာဌာနစိတ် တာဝန်ရှိသူများက ကျောင်းသူ ကျောင်းသားများအား အသေးစိတ်ရှင်းပြကြသည်။ ကျောင်းသူကျောင်းသားများ သိလိုသည့် အချက်အလက်များ မေးမြန်းမှုကိုလည်း ပြန်လည်ဖြေကြားပေးသည်။

လေ့လာမေးမြန်း

ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင် စီမံဌာန၊ ထုတ်လုပ်ဌာန၊ ပုံနှိပ်စစ်ဆေးရေးဌာန၊ ဓာတ်ပုံဌာန၊ ပုံနှိပ်စက်ဌာန၊ စာအုပ်ချုပ်ဌာန၊ ဗလာစာအုပ်ချုပ်ဌာနနှင့် စက်မှုလက်မှုဌာနတို့ဖြင့် ဖွဲ့စည်းထားရာ လုပ်ငန်းခွင်လက်တွေ့ဆောင်ရွက်နေမှုများကို ကျောင်းသူ၊ ကျောင်းသား များက စိတ်ပါဝင်စားစွာ လေ့လာမေးမြန်းမှတ်သားကြသည်။

ထို့အပြင် ပုံနှိပ်စက်ကြီးများဖြင့် လက်တွေ့စာစောင်ရိုက်ထုတ်နေမှု၊ စာစောင်များကို ချုပ်စက်ကြီးများဖြင့် လက်တွေ့ ချုပ်နေမှုများကိုလည်း သက်ဆိုင်ရာ ဌာနစိတ်တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြသည်။ အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ် သတင်းအတတ်ပညာ အထူးပြု ဒုတိယနှစ် ကျောင်းသား ကျောင်းသူများ လက်တွေ့ကွင်းဆင်းအဖွဲ့တွင် ကြီးကြပ်သူ ဆရာ၊ဆရာမ ခြောက်ဦးနှင့် ကျောင်းသား ကျောင်းသူ ၄၅ဦးတို့ ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

အင်ဒိုနီးရှားနိုင်ငံ၌ ဆုကြေးစား သွားရောက်ကစားခဲ့သော မြန်မာ့လက်ရွေးစင်ဘော်လီဘောသမား ဝင်းထွန်းဦး ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၁

အင်ဒိုနီးရှားနိုင်ငံတွင် ဆုကြေးစားသွားရောက်ကစားခဲ့သော မြန်မာ့လက်ရွေးစင် ဘော်လီဘောကစားသမား ဝင်းထွန်းဦး (အား/ကာသိပ္ပံ၊ မန္တလေး)သည် ယမန်နေ့ ညနေ ၃နာရီခွဲက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

သွားရောက်ကစားခဲ့

မြန်မာ့လက်ရွေးစင် ဘော်လီဘော ကစားသမား ဝင်းထွန်းဦးမှာ အင်ဒိုနီးရှား နိုင်ငံ၏ Indonesian Proliga 2009 ဘော်လီဘောပြိုင်ပွဲဝင် Palembang Bank Sumsel အသင်းတွင်သုံးလစာချုပ် ဖြင့် သွားရောက်ကစားခဲ့ခြင်းဖြစ်သည်။ ဝင်းထွန်းဦး သွားရောက်ကစားခဲ့သော Palembang Bank Sumsel အသင်းမှာ ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့ပြီး ဝင်းထွန်းဦးမှာလည်း ပွဲတိုင်းပါဝင်ကစား ခဲ့ရသည်။ ဝင်းထွန်းဦးမှာ တစ်လလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ဖြင့် သုံးလ သွားရောက်ကစားခဲ့ခြင်းဖြစ်ပြီး ၂၀၁၀ ပြည့် နှစ်တွင်လည်း လာရောက်ကစားရန် ကမ်းလှမ်းထားကြောင်း သိရသည်။ ယင်းကဲ့သို့ ပြည်ပထွက်၍ ဆုကြေးစား သွားရောက်ကစားခြင်းမှာ မြန်မာ့ဘော်လီ ဘော သမိုင်းတွင် ပထမဦးဆုံးဖြစ်ပြီး မြန်မာ့ဘော်လီဘောအားကစားတိုးတက် ရေးအတွက် တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ပရော်ဖက်ရှင်နယ် ဘော်လီဘော ကစားသမားအဖြစ် အင်ဒိုနီးရှား ကလပ်အသင်းတွင် သွားရောက်ကစား ခဲ့သူ ဝင်းထွန်းဦး။ (အား/ကာ)

အောင်မြင်မှု

ဝင်းထွန်းဦးမှာ ၂၀၀၄ခုနှစ်တွင် ဘော်လီဘောအားကစားနည်းကို စတင် ပါဝင်ကစားခဲ့ပြီး ၂၀၀၅ခုနှစ်တွင် အဖွဲ့ ချုပ် လူငယ်လက်ရွေးစင်၊ ၂၀၀၆ခုနှစ် တွင် မြန်မာ့လူငယ်လက်ရွေးစင်၊ ၂၀၀၇ ခုနှစ်တွင် မြန်မာ့လက်ရွေးစင် ဖြစ်လာခဲ့ သည်။ အောင်မြင်မှုများအနေဖြင့် ချန်ပီယံ တစ်ကြိမ်နှင့် တတိယသုံးကြိမ်ရရှိထား သည်။ ။ **(မြန်မာ့အလင်း)**

အသင်းသားများနှင့်အတူ

အင်ဒိုနီးရှား ပရိဘော်လီဘော ကလပ် Palembang Bank Sumsel အသင်းတွင် သွားရောက် ကစားခဲ့သူ ဝင်းထွန်းဦးအား အသင်း သားများနှင့်အတူ တွေ့ရစဉ်။ (အား/ကာ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ ပြည့်နှစ် နှောင်းတန်ခူးလဆန်း ၈ ရက် (ဥပုသ်နေ့) ၂-၄-၂၀၀၉ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၅ ၄။ သံသာချို့အေးမင်္ဂလာတေး
၇:၅၀ ၅။ အကပဒေသာ
၈:၀၀ ၆။ တေးဂီတအစီအစဉ်
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ ခါသင်္ကြန်အဆိုအကများ
၈:၃၅ ၉။ International News
၈:၄၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၁၀ ၃။ အဆိုပြိုင်ပွဲ
၄:၃၀ ၄။ ခါသင်္ကြန်အဆိုအကများ
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ- တတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၇။ ရန်ကုန်မန္တလေး အမြန်လမ်းမကြီး (အပိုင်း-၁)
၅:၁၅ ၈။ **ဆုံဆည်းခွင့်** မင်းထက်ကျော်ဇင်၊ ဖိုးသောကြာ၊ မြတ်ကေသီအောင်၊ ချစ်သုဝေ (ဒါရိုက်တာ-သိန်းဟန်(ဗီးနပ်စ်)
၅:၃၀ ၉။ ခါသင်္ကြန်အဆိုအကများ
၅:၄၀ ၁၀။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **ဒန်းစီးချစ်သူ** စိုးရန်အောင်၊ ခင်ရူပ၊ အောင်လွင်၊ ညီထက်၊ အေးမင်း၊ ယုဇနဖိုလ်မြင့်၊ နှင်းယုဆွေ (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၅၅ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၆၃)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၁၂)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေ ချစ်သက်တည်** (အပိုင်း-၁၂)
၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

SKB

ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

Super Market

Car Parking

Transformer / Generator

Room Type

Super Market, Mini Market,

Ph : 653486, 660885

Ph : 291714, 098601405

Golden Star

Ph: 544383, 549380

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်၄၆/အေ၊ မြေကွက်အမှတ် ၁၂၃A[၃] မြေကွက်တည်နေရာ အမှတ် ၅၉၊ တော်ဝင်လမ်း၊ ဒဂုံမြို့နယ် ၁။ ဦးစိန်ဟုတ်ဆိုင် (ခ) ဦးချိုအေး၊ ၂။ ဒေါ်ဝိုင်းဝိုင်းနွဲ့ ၃။ ဦးစိုင်းအောင်စိုး အမည်ပေါက် ဂရန်ရှိ မြေပိုင်မြေအား အမည်ပေါက်တစ်ဦး ဖြစ်သူ ဒေါ်ဝိုင်းဝိုင်းနွဲ့ ကွယ်လွန်သဖြင့် ဦးစိန်ဟုတ်ဆိုင်(ခ)ချိုအေး ၁၂/သဃက (နိုင်) ၀၃၄၇၃၉က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ။

မူးယစ်ကင်းစင် အလှဆင်

ထိမ်းမြားမင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ် ၂၁ နေ
သိက္ခာတော်ရ ဆရာဦးငင့်ရှင်းကမ်း(Yangon F.G.A)အသင်းတော်ဘဏ္ဍာထိန်း-ဒေါ်ကျိန်ခန့်နှမ်(ဟေလေး)
တို့၏ တစ်ဦးတည်းသောသား

မောင်ငင့်ခန့်မန် (ခ) မန်သောင်

First Year(Law) ခေတ္တ U.S.A

နှင့်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၆ လမ်း၊ အမှတ် ၁၂၉ နေ
ဦးကိုင်ခန့်ဂင်-ဒေါ်ကျင်လျန်ညောင်(တွီးထန်)တို့၏ တစ်ဦးတည်းသောသမီး

မနိမ်ရှင်းကျိုန် (ခ) ကျိုန်ဘွိုင်း

B.A(Geog)., Computer Dip. in Information Technology

တို့၏ ၃၁-၁-၂၀၀၉ ရက်(အင်္ဂါနေ့)တွင် Excel Treasure Hotel ၌ ကျင်းပပြီးစီးခဲ့သော ထိမ်းမြားမင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ထိမ်းမြားလက်ထပ်ပေးပါသော သိက္ခာတော်ရဆရာ Dr. Dam Suan Mung အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာအခမ်းအနားမှူးဆောင်ရွက်ပေးပါသော သိက္ခာတော်ရ ဆရာမ Roi Ja၊ မင်္ဂလာကိတ်လှီးပေးပါသော သိက္ခာတော်ရ ဆရာ Suak Za Go နှင့် ဇနီးမောင်နှံ၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော သိက္ခာတော်ရ ဆရာမ Baby Toe နှင့်အဖွဲ့၊ မိတ်ကပ်သမီးတော်နှင့်အဖွဲ့၊ Excel Treasure Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံး၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ငင့်ခန့်မန်(ခ)မန်သောင်-မနိမ်ရှင်းကျိုန်(ခ)ကျိုန်ဘွိုင်း။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မသန္တာဝင်း၏ နိုင်ငံကူးလက်မှတ်နံပါတ် ၈၁၄၅၄၃ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၀-၃၂၉၁၇
၀၉-၂၀-၃၃၅၆၁။

KOREAN STYLE FASHION (M.M.T.A Co.,LTD)

မဟာသင်္ကြန်အထူးလျှော့ဈေး

KOREAN STYLE FASHION

Ph: 660141, 09-5110668

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ သဃ်န်းကျွန်း၌ကျင်းပ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျန်းမာရေးကော်မတီနှင့် ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ၂၀၀၉ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက သဃ်န်းကျွန်းမြို့နယ် ကျန်းမာရေးဦးစီးမှူးရုံး၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့နှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဖြူဖြူစိုးက မြို့နယ်အတွင်း တီဘီရောဂါဝေဒနာရှင်များအား တီဘီရောဂါတိုက်ဖျက်ကုသစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တီဘီဝေဒနာရှင်များအား မြို့နယ်ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင် **(အပေါ်ပုံ)** နှင့် ကော်မတီဝင်များက ဆေးဝါးများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ (၁၂၁)

မျိုးပွားကျန်းမာရေး-သိလိုရာမေး

ဖုန်း-၀၁-၃၇၅၅၆၅

ရုံးဖွင့်ရက်များ

(နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ)

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

သတိပြုရန်

(က) **မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။**

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။
(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်း လုံးဝမတီးရ။

(ခ) **ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။**

(ဂ) **သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာ စစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။**

(ဃ) **ယခုအခါ အချက်အချာကျသော လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်း ကိရိယာများဖြစ်သော CCTV CAMERA, RED LIGHT RUNNING CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကို အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားပါမည်။**

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်"**

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တိုးချဲ့ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၁၅ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လင်းနှင့် အင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (ဝ၁၄)

ကျိုက်လတ်မြို့နယ် ဦးသုခစာကြည့်တိုက်သို့ သုတရသ၊ မဂ္ဂဇင်းစာအုပ်နှင့် ဂျာနယ်စာစောင်များ လှူဒါန်း

ကျိုက်လတ် မတ် ၂၂

ရန်ကုန်မြို့ ရွှေပြည်စိုးစာပေတိုက် တာဝန်ခံဦးကျော်သူရ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် ဦးသုခစာကြည့်တိုက်သို့ သုတရသ၊ မဂ္ဂဇင်းစာအုပ်နှင့် ဂျာနယ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို မတ် ၁၆ရက် နံနက် ၉နာရီခွဲက ဦးသုခစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ ရွှေပြည်စိုး စာပေတိုက်မှ ဦးကျော်စွာဝင်း (မောင်ကျော်စွာ-ဒဂုံတက္ကသိုလ်)က သုတရသစာအုပ်စာစောင် ၅၀၀ကို စာကြည့်တိုက်မှူးဒေါ်ဌေးဌေးလှိုင်နှင့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးဇော်နိုင်ဝင်း (ဇော်နိုင်ဝင်း-ကျိုက်လတ်)တို့ထံ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ဆက်လက်၍ ကျိုက်လတ်မြို့နယ် ဇာတိသား စာရေးဆရာ၊ ဒါရိုက်တာ ဆရာကြီးဦးသုခ အထိမ်းအမှတ် ဂုဏ်ပြုဖွင့်လှစ်ခဲ့သော ဦးသုခစာကြည့်တိုက်သို့ ဆရာကြီးဦးသုခမိသားစုက စာအုပ်၉၆အုပ်၊ ကျိုက်လတ် မြို့နယ်အသင်းဥက္ကဋ္ဌ ဦးမောင်ညိမ်းက စာအုပ်၄၀၁အုပ်၊ ဆရာဦးချစ်နိုင် (စိတ်ပညာ)က စာအုပ် ၃၀၀၊ စာရေးဆရာမကြီး ဒေါ်စောမုံညင်းက စာအုပ်၂၀၀၊ ဦးမောင်မောင်စိုးတင့်က စာအုပ်၁၀၀နှင့် ဦးတင့်အောင်- ဒေါ်စန်းစန်းဝေ မိသားစုက ငွေကျပ်ငါးသိန်း မတည်လှူဒါန်းခဲ့ပြီး မြို့သူမြို့သားများ စုပေါင်းပံ့ပိုးဆောင်ရွက်လျက်ရှိကာ စတင်ဖွင့်လှစ်ခဲ့သော ၂၀၀၅ခုနှစ် ဇွန် ၃ရက်မှ ယနေ့အထိ လေးနှစ်တာအတွင်း စာအုပ်စာစောင် ၄၀၀၀ကျော် စုဆောင်းရရှိခဲ့ပြီး ရွှေပြည်စိုး စာပေတိုက်နှင့် အလှူရှင်များက လစဉ်ပုံမှန် စာအုပ်စာစောင်များ ပေးပို့လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲ အောင်မြေသာစံ၌ ကျင်းပ

မန္တလေး မတ် ၂၅

မန္တလေးအောင်မြေသာစံမြို့နယ် လုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို မတ် ၄ ရက် နံနက် ၉ နာရီက ကမ်းနားလမ်း မြို့နယ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်တို့က အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုးက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ရန်အချက်များ၊ ပိုအင်းမြို့နယ် ရဲတပ်ဖွဲ့မှူးက မြို့နယ်အတွင်းလုံခြုံရေး ကိစ္စရပ်များကို ဆလိုက်ရုပ်ပုံများနှင့်တကွ ပညာပေး ဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများက မရှင်းလင်းသည့်အချက်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သီရိမာလာအနောက် အရန်မီးသတ်စခန်းတပ်စုမှူး မောင်လတ်နှင့်တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ မီးသတ်ဆေးဘူးများဖြင့် လက်ဦးမှုရရှိစေရေးအတွက် တစ်ပိုင်တစ်နိုင် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသကြောင်း သိရသည်။ (ဝ၉ဝ)

ကျောက်ချောလမ်း

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကမ်းနီ-ကောဘိန်း ကျေးလက် ကျောက်ချောလမ်းကို ဖေဖော်ဝါရီ၂၈ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးက လုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(ခရိုင် ပြန်/ဆက်)

ကျပန်းစကားပြောပြိုင်ပွဲ ချောက်မြို့၌ ကျင်းပ

ချောက် မတ် ၂၆

ချောက်မြို့နယ် ပင်မရေနံသိုလှောင် ဖြန့်ဖြူးရေးဌာန ဝန်ထမ်းများ၏ ကျပန်းစကားပြောပြိုင်ပွဲကို မတ်၂၂ရက် နံနက် ၈နာရီက အဆိုပါရုံး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသီဟက အဖွင့်အမှာစကားပြောကြားပြီး ပင်မမန်နေဂျာ ဦးသန်းဝင်းက ကျင်းပရခြင်းရည်ရွယ်ချက် ရှင်းလင်းရာ ပါဝင်ယှဉ်ပြိုင်ကြသည့် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးရပ်ကွက်သစ္စာလမ်း ကတ္တရာလမ်းသစ်ဖွင့်

နောင်ချို မတ် ၂၀

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သည့် ဈေးရပ်ကွက် သစ္စာလမ်း ကတ္တရာလမ်းသစ်ကို မတ် ၆ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းမှာအရှည် ပေ ၇၀၀၊ အကျယ် ၁၂ပေရှိ ကတ္တရာလမ်း အမျိုးအစားဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၅၅၉၁၀၀၀ဖြင့် အကုန်အကျခံဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

(၄၂)ကြိမ်မြောက် သွေးလှူဒါန်း

မန္တလေး မတ် ၂၆

မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ကြက်ခြေနီ သူနာပြုတပ်ရင်းမှ ဒုတိယ တပ်ခွဲမှူးဇော်ထွန်း**(ဝဲပုံ)**သည်(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် မတ်၂၀ရက်က (၄၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ်ကြက်ခြေနီ)**

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပါဝင်ဆောင်ရွက်ရေး နှိုးဆော်ချက်

မီးဘေးအန္တရာယ်လုံခြုံကင်းဝေးရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်လျက်ရှိရာ ပြည်သူများဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) <u>မီးမလောင်မီ(ပြည်သူတို့၏ တာဝန်)</u>

(၁) သက်ဆိုင်ရာ မီးဘေးကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ လည်းကောင်း၊ မီးသတ်တပ်ဖွဲ့မှလည်းကောင်း၊ တရားဝင် ချမှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားရန်၊

(၂) ရပ်ကွက်အလိုက် မီးကင်းများချထားရေးတွင် ပါဝင်ဆောင်ရွက်ရန်၊

(၃) မီးသတ်တပ်ဖွဲ့မှ တစ်အိမ်တက်ဆင်း စစ်ဆေးသည့်အခါကူညီရန်၊ စစ်ဆေးမေးမြန်းသည့်အခါ ဖြေကြားရှင်းလင်းပေးရန်နှင့် ပေးသည့် အကြံဉာဏ်များကို လိုက်နာရန်၊

(၄) ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မီးဘေးတားဆီးရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပါဝင်လှုပ်ရှားကြရန်နှင့် အသိပညာပေး ပြန့်ပွားမှုပြုလုပ်ရန်၊

(၅) မိမိကြောင့် အခြားသူများ နစ်နာမှုမရှိစေရန် မိမိမှစ၍ မီးမလောင်စေရေးကိုခံယူပြီး ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ရန်၊

(၆) အဆောက်အအုံတိုင်း၊ အိမ်တိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိရန်၊

(၇) မီးလောင်လျှင် မီးလောင်ကြောင်း အချက်ပေးနိုင်ရန် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် အချက်ပေး ကိရိယာကို အသင့်ထားရှိရန်၊

(၈) ခြောက်သွေ့သော ရာသီအချိန်များတွင် တဲအိမ်များ၌ လေတိုက်မှုမှ ကာကွယ်သည့် မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲရန်နှင့် မီးကွင်းမီးကျန်များကို ငြိမ်းသတ်ထားရန်၊

(၉) အရိပ်ရပင်၊ လေကာပင်များအား ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ အသစ်တိုးချဲ့စိုက်ပျိုးခြင်းများအား ပြုလုပ်ထားရန်၊

(၁၀) မီးသတ်ယာဉ်/စက်များ အစဉ်အမြဲကောင်းနေစေရန်အတွက် လှူဒါန်းပံ့ပိုးပေးရန်။

(ခ) <u>မီးလောင်စဉ် (ပြည်သူတို့၏ တာဝန်)</u>

(၁) မီးလောင်မှု ဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံးနည်းဖြင့် သတင်းပို့ အကြောင်းကြားရန်၊

(၂) မီးသတ်စက်များမရောက်မီ ရှေးဦးမီးငြိမ်းသတ်ရေးနည်းလမ်းအရ ရေပုံးများဖြင့်လည်းကောင်း၊ ရရာပစ္စည်းများဖြင့်လည်းကောင်း အသုံးပြု၍ မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြိမ်းသတ်ရန်၊

(၃) မီးလောင်ပြင်သို့ မီးငြိမ်းသတ်ရန် ရောက်ရှိလာသော မီးသတ်ယာဉ်စက်များအား ဝင်လမ်း၊ ထွက်လမ်းနှင့် ရေအမြဲတမ်းရရှိနိုင်မည့်နေရာများသို့ ညွှန်ပြရန်၊

(၄) မီးလောင်ရာ ပတ်ဝန်းကျင်ရှိ အိမ်ခေါင်မိုးများသို့လည်းကောင်း၊ မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကိုလည်းကောင်း ရေပက်ဖျန်း၍ ငြိမ်းသတ်ပေးရန်၊

(၅) မီးလောင်မှုဖြစ်ပွားရာတွင် ပွဲကြည့်ပရိသတ်သဖွယ် ဝိုင်းအုံကြည့်မနေဘဲ ကူညီငြိမ်းသတ်ပေးခြင်း၊ ဝင်ရောက်စွက်ဖက်သူများ၊ နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးခြင်းတို့ဖြင့် ကူညီပေးကြရန်။

မီးသတ်ဦးစီးဌာန

စာအုပ်၊ စာစောင်၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် ငွေပဒေသာပင်လှူဒါန်းပွဲ ပင်လောင်း၌ကျင်းပ

ပင်လောင်း မတ် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့် ငွေပဒေသာပင် ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာရဲက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် ညီညွတ်ရမည့်အချက်(၅)ချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာရဲက ငွေပဒေသာပင်ကျပ် ၂၀၀၀၀၊ ဌာနဆိုင်ရာများကိုယ်စား ဒုတိယရဲမှူးအုန်းရွှေက ရုပ်မြင်သံကြားပြစက်တစ်လုံး၊ မြို့နယ်အတွင်းရေးမှူး ဒေါ်မင်းမင်းထွန်းက နေ့စဉ်ထုတ်သတင်းစာများ၊ မြို့နယ်တရားသူကြီး ဦးနေစိုးက စာအုပ်စာစောင် ၄၁အုပ်၊ မြို့ပေါ်အလှူရှင်များကိုယ်စား ရပ်မိရပ်ဖ ဦးစိုင်းအုန်းကျော်က အလှူငွေ ကျပ် ၂၀၀၀၀၀၊ ကျေးရွာအုပ်စု(၁၃)အုပ်စု ကိုယ်စား စင်းတောင်းကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးဝင်းဦးက ငွေကျပ် ၃၈၀၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံ ယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မောင်သန့်ဇင်ယဉ်မြင့် (ခ) ဖိုးသီးအတွက် မွေးနေ့ဆုတောင်း

၂-၄-၂၀၀၉ရက်တွင် ကျရောက်သော သားကြီး မောင်သန့်ဇင်ယဉ်မြင့်(ခ) ဖိုးသီး (အထက-၄၊ပြည်)၏ (၁၆)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် တတ်သိလိမ္မာပြီး ထူးချွန်ထက်မြက်သော သားကောင်းရတနာလေး ဖြစ်ပါစေ-

ချစ်ဘိုးဘိုး	- ဒုတိယဗိုလ်မှူးကြီးသန်းထိုက်(ငြိမ်း)
ချစ်ဘွားဘွား	- ဒေါ်ကျင်မြ
ချစ်အန်တီ	- ဒေါ်ယုယုမြွေး(အမက-ကိုးသောင်း)
ချစ်ဖေဖေ	- ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်
ချစ်မေမေ	- ဒေါ်နုနုယဉ်(အလပြ-ငြိမ်း)
ချစ်မမ	- သက်သက်ယဉ်မြင့်(ခ)အိသက် (ကွန်ပျူတာတက္ကသိုလ်၊ ကျိုင်းတုံ)
ချစ်ညီလေး	- မောင်ဖုန်းမြတ်ယဉ်မြင့်(အမက-ကိုးသောင်း)

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ အရှေ့မြို့ပတ်လမ်းနေ ဦးစိုင်းနော်ဆိုင်က တောင်ကြီးမြို့၊ ကန်အရှေ့ရပ်၊ သီရိမင်္ဂလာလမ်းနေ ဦးစိုင်းလူဖ ၁၃/တကန(နိုင်)၁၂၁၂၇၅ ထံသို့ လွှဲအပ်ထားသော ၂၂-၁၂-၂၀၀၈ရက်စွဲပါ စာချုပ်အမှတ်၂၇၇/၂၀၀၈အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပြီး ဖြစ်ပါကြောင်း။

ဦးစိုင်းနော်ဆိုင်
၁၃/တကန(နိုင်)၀၉၇၅၃၇။

ဝန်ထမ်းများသီးသန့် တရားစခန်းဖွင့်မည်

နေပြည်တော်ပျဉ်းမနား၊ ပန်းခင်းကွက်သစ်၊ ပင်မလမ်း၊ ဘုရားကြီးတောရကျောင်း၊ ရွှေပြည်အေးမဟာစည်တရားရိပ်သာ၊ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဓမ္မပါလသည် သင်္ကြန်ရုံးပိတ်ရက်များအတွင်း ဝန်ကြီးဌာနအသီးသီးရှိ အရာထမ်း အမှုထမ်းများ၊ ကျောင်းဆရာ ဆရာမများ၊ ကုမ္ပဏီဝန်ထမ်းများအတွက် ကိုးရက်တရားစခန်းပွဲကို ဧပြီ၁ရက်မှ ၁၉ရက်အထိ ဒုတိယအကြိမ် ဖွင့်လှစ်ပါမည်။ အမျိုးသားများသည် ဒုလ္လဘရဟန်းဝတ်ကြရမည်။ သပိတ်၊ သင်္ကန်းစသည်များကို ဆရာတော်မှ စီစဉ်ပေးမည်။ အမျိုးသမီးများ သီလရှင်ဝတ်လိုက ဝတ်နိုင်သည်။ စားစရိတ်နှင့် ဝင်ကြေးမရှိ၊ ဧပြီ ၁၁ရက် ညနေ၃နာရီအရောက်လာပါ။ တရားအားထုတ်လိုသူများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများသည် ဖုန်း-၀၆၇-၂၃၀၄၃သို့ ဆက်သွယ်၍ ကြိုတင် စာရင်းပေးသွင်း စုံစမ်းနိုင်ပါသည်။

သာသနာ့ဝေယျာဝစ္စအဖွဲ့
ရွှေပြည်အေး မဟာစည်ရိပ်သာ
နေပြည်တော်ပျဉ်းမနား။

အများသိသာရန်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရပ်ကွက်၊ ဈေးလမ်း၊တိုက် (၁၂)၊ အခန်း (၃-အေ)၊ ဒုတိယထပ်၊ တတိယလွှာဟုခေါ်တွင်သည့် ဧရိယာ (၁၃'×၇၆') အကျယ်အဝန်းရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးပိုင်ဆိုင်သူ ဒေါ်နန်းခင်လှဝေ(ခ)နန်းဟွမ် ၁/မညန(နိုင်) ၀၇၅၃၉၂၊၃၁(ခ)၊ အောင်သပြေ(၂)ရပ်ကွက်၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ် ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc.,R.L.,D.A
LCCI (London)
တရားရုံးချုပ်ရှေ့နေ
အမှတ် ၂၂၊ ဌာနာလမ်း
အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၂၃၉၅၆။

အိမ်နှင့်ခြံရောင်းမည်

ပေ ၄၀×ပေ ၆၀ မြေပေါ်တွင် ၁၈ ပေ×ပေ ၄၀ နှစ်ထပ်တိုက်ခံအိမ်တစ်လုံး၊ ကားဂိုဒေါင်၊ အဝီစိရေတွင်းနှင့်ရေစင်၊ လျှပ်စစ်မီးအပြည့်အစုံ၊ အသင့်လူနေနိုင်၊ ၆လမ်း၊ ထန်းပင်ကုန်းရပ်ကွက်၊ သန်လျင်မြို့၊ ဈေးနှုန်း ကျပ်သိန်း ၂၀၀ ညှိနှိုင်းနိုင်သည်။

ဖုန်း-၀၉-၅၁-၂၇၀၅၈။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၃၆၃၇၅ Honda Dream C100 II ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းအောင် ၉/မရတ(နိုင်)၀၀၇၅၃၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၅၂၄၀ ဟန်စင်း ၁၁၀ ယာဉ်လက်ဝယ်ရှိသူ ဦးဘိုနိုင် ၉/မသန(နိုင်)၁၀၉၁၇၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး၊ (ကျောက်ဆည်)။**

တရားမပုံစံအမှတ်-၇၄

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
စစ်ကိုင်းမြို့နယ်တရားမရုံးတော်၌
စစ်ကိုင်းခရိုင်တရားရုံး၏
၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၈နှင့်ဆက်သွယ်သည့်
၂၀၀၉ခုနှစ် တရားမဇာရီမှုအမှတ်-၅။

ခရိုင်မန်နေဂျာ	**နှင့်**	၁။ ဦးဝင်းမော်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ဝင်းကြည်
စစ်ကိုင်းမြို့။		
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

၁။ ဦးဝင်းမော် ၂။ ဒေါ်ဝင်းကြည် ကုန်းရွာ၊ စစ်ကိုင်းမြို့ သိစေရမည်။

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်-၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၉ခုနှစ် ဧပြီ ၁၀ရက် (၁၃၇၁ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်သို့ လာရောက်စေ။

၂၀၀၉ခုနှစ် မတ် ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးရဲဝင်းရှိန်(တ/၂၀၇၉)
မြို့နယ်တရားသူကြီး
စစ်ကိုင်းမြို့။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈေးရပ်ကွက်၊ အကွက်အမှတ် လ.လ/၁၊ ဦးပိုင်အမှတ် ၆/၆၇ လမ်း X ၆၈လမ်းကြား၊ မဏ္ဍရာလမ်း X ကနောင်လမ်းကြား၊ ဦးစိန်ဝင်း အမည်ပေါက်မြေကွက်ကို ဒေါ်သိန်းသိန်းနိုင် မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်) ၀၂၃၃၉၀ က အမှုတွဲအမှတ် ၂၃၂/၂၀၀၈-၂၀၀၉ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

(နွေရာသီ) ရွှေသီလက္ခန်သင်တန်းဖွင့်လှစ်မည်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလာသိဒ္ဓိစာသင်တိုက်ကြီး၌ ဆရာတော် ဘဒ္ဒန္တစန္ဒာသိရီဘိဝံသ ပဌမကျော်အောက်ပဌမ၊ ဓမ္မာစရိယ၊ LL.B နှင့် ရွှေညဝါ-ဦးသုန် (ရွှေညဝါ-ရွှေသီလက္ခန်ကျမ်းပြု) အရှင်မြတ်နှစ်ပါးတို့က ဓမ္မာစရိယ(စာချ)တန်း၊ သီလက္ခန်ကျမ်း (ဒုတိယနေ့)ကို ၂၀၀၉ ခုနှစ် ဧပြီ ၂၄ရက်မှ ဇွန် ၇ရက်အထိ ၄၅ရက် တိုင်တိုင် သင်ကြားပို့ချမည်။ သို့ဖြစ်ပါ၍ စာချတန်းဝင်ပုဂ္ဂိုလ်များနှင့် ယခုနှစ်ပထမကြီးတန်းကို ဖြေဆိုအောင်မြင်နိုင်သော ပုဂ္ဂိုလ်များသည် သင်တန်းတက်ရောက်လိုပါက မိမိတို့ သက်ဆိုင်ရာ ဆရာတော်များ၏ ထောက်ခံချက်ဖြင့် အထက်ပါကျောင်းတိုက်သို့ ကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ်-၀၁-၆၄၅၆၅၅၊ ၀၉-၅၀-၆၈၈၆၂၊ ၀၉-၈၅-၃၄၁၂၁ များသို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြပါသည်။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

မိုးကုတ်မြို့၊ စည်ပင်သာယာရပ်နေ ကျွန်တော်၏ဇနီးဖြစ်သူ မမူစပါး (ခ)မန္တယ်နီမိုး ၅/စကန(နိုင်)၁၈၆၇၄၂သည် ခွင့်မလွှတ်နိုင်သော လူမှုရေးကိစ္စများကို လုပ်ဆောင်ခဲ့သည့်အပြင် ခင်ပွန်းဖြစ်သူအား ဂုဏ်သရေကျဆင်းအောင် အမျိုးမျိုးပြုမူပြောဆိုခဲ့သဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်မောင်လွင်
၉/မကန(နိုင်) ၀၄၆၈၉၂။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဧပြီ ၁

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း(မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက် ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

အိမ်နှင့်မြေရောင်းမည်

ပေ (၂၀×၆၀)ပေါ်ရှိ ကွန်ကရစ်အပြည့်ခင်း ပျဉ်ကာအိမ်တစ်လုံး ရေမီးစုံ ကျပ်သိန်း ၆၀၊ ဆက်သွယ်ရန်- အမှတ် ၂၆၊ (၃)ရပ်ကွက်၊ မင်းရဲကျော်စွာ ၁၁လမ်း၊ လှိုင်သာယာ။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပခ/၂၃၇၆၆ လက်ဝယ်ရှိသူ ဦးသောင်းဝင်း ၇/တငန(နိုင်)၀၆၆၅၁၁က (ကမ-၃)ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (တောင်ငူ)။

မော်တော်ယာဉ် မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၅၄၆၇ Loncin ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မောင် ၉/မနမ(နိုင်)၀၃၈၂၁၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့။

မော်တော်ယာဉ် မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၅၃၇၀ Honda ယာဉ်လက်ဝယ်ရှိသူ ဦးသက်မင်းထိုက် ၁/မကန(နိုင်)၁၁၀၈၀၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၄၇၀၃၉ ယာဉ်လက်ဝယ်ရှိသူ ဦးမြဦး ၁၃/မရန(နိုင်)၀၂၇၅၁၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့။

(၆၄) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စဉ့်ကူးမြို့ မြို့သစ် ၅လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အင်းတော်မြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်

အင်းတော် မတ် ၂၅

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ၌ မတ် ၁၀ရက် နံနက် ၈နာရီက ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို ကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူးဦးအောင်လွင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလတ်နှင့်အဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး အကျိုးတော်ဆောင်ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မြို့ပြကတ္တရာလမ်းဖြစ်သည့် ဘုရင့်နောင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၇ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့်လက်ထောက်အင်ဂျင်နီယာ ဦးမော်လွင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပန်းအလှပင်များ ပြုစုပျိုးထောင်

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် ပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီ မတ် ၂၃ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုလမ်း ထပ်ပိုးကတ္တရာခင်း

ဖေဖော်ဝါရီ ၁၄ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

2-4 (16).pmd 1 4/2/2009, 2:32 AM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ နယူတန် ဂုဏရတနာသည် ယနေ့ နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ နယူတန် ဂုဏရတနာ နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ် လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ နယူတန် ဂုဏရတနာအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် MRTV-4 (Free To Air) ရုပ်သံလိုင်းကို ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် ပြောင်းလဲဖမ်းယူကြည့်ရှုနိုင်

ရန်ကုန် ဧပြီ ၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် MRTV-4 (Free To Air) ရုပ်သံလိုင်းကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ထုတ်လွှင့်ပေးလျက်ရှိရာ ယခုအခါ ကြည့်ရှုသူများ အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် VHF စနစ်ဖြင့် VHF Channel (11) မှ ပြောင်းလဲထုတ်လွှင့်ပေးမည်ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်ရှိ ပြည်သူများအနေဖြင့် MRTV-4 (Free To Air) ရုပ်သံလိုင်းကို ယနေ့မှစတင်၍ မိမိတို့အိမ်ရှိ ရိုးရိုး VHF တီဗွီအင်တင်နာအသုံးပြု၍ ရုပ်သံကြည်လင်စွာ အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**